The Mirror Daily
Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

## ကြီးမားသောအကျိုးကိုရနိုင်

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)

၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက်၊ စနေနေ့။ Saturday, 3 May 2025 ၁၁၈၀၆

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးတင်အောင်စန်း မိတ္ထီလာခရိုင်အတွင်းရှိ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများနှင့် အသစ်တည်ဆောက်လျက်ရှိသည့် ဓာတ်အားပေးစက်ရုံစီမံကိန်းများ သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် မိတ္ထီလာခရိုင်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံများသို့ သွားရောက်ပြီး မန္တလေးလျှင်ကြီးကြောင့် ထိခိုက်ပျက်စီးမှု၊ ပြန်လည်ပြုပြင်၍ဓာတ်အားထုတ်လွှတ်ပေးနေမှုနှင့် အသစ်တည်ဆောက်လျက် ရှိသည့် နေရောင်ခြည် စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံများကိုကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးတင်အောင်စန်း သာစည်မြို့နယ်ရှိ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကို ကြည့်ရှုစစ်ဆေးစဉ်။

# မြို့သစ်မြို့နယ်၌ နွေစပါး ၅၉၅၅ ဧကကျော် စိုက်ပျိုးပြီးစီး



မြို့သစ် မေ ၂

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်၌ နွေစပါးစီမံကိန်းလျာထားဧက ၅၉၅၅ ဧကထက်ကျော်လွန်ကာ နွေစပါးဧက ၅၉၆၀ အထိ အောင်မြင်စွာစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

မြို့သစ်မြို့နယ်တွင် ဆည်ရေဖြင့် နွေစပါးစိုက်ပျိုးမည့် တောင်သူများအား နွေစပါး စိုက်ပျိုးရာသီကာလအတွင်း အချိန်မီစိုက်ပျိုးနိုင်ရေး၊ သက်တမ်းတို အထွက်ကောင်းမျိုးများ ဖြစ်သည့် ရတနာတိုး၊ ရက် ၉၀၊ ဗီယက်နမ်စပါးမျိုးများကို စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

## ယနေ့ ဖတ်စရာ

မြန်မာ့မီးရထား၏ (၁၄၈)နှစ်မြောက် နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုအပ်ပါသည်...
ဆောင်းပါး စာမျက်နှာ » ၁၀

၂၀၂၅ ခုနှစ် ရေကြောင်းနှင့် လေကြောင်းလူငယ် အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများကို သက်ဆိုင်ရာမြို့နယ်အသီးသီး၌ လေ့ကျင့်သင်ကြားပေးလျက်ရှိ
စာမျက်နှာ » ၁၇

# AI နည်းပညာအကျိုးသက်ရောက်မှုဖြင့် မှန်ကန်သောလွတ်လပ်မှုကိုဖန်တီး

ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့ (World Press Freedom Day) နှင့်စပ်လျဉ်း၍ စာနယ်ဇင်းလွတ်လပ်ခွင့်ရရှိနိုင်ရန် မီဒီယာဗဟုဝါဒ၊ မီဒီယာလွတ်လပ်ခွင့်များနှင့် ပတ်သက်သည့် "Windhoek" ကြေညာစာတမ်းကို အာဖရိကစာနယ်ဇင်းသမားများက ၁၉၉၁ ခုနှစ်တွင် ယူနက်စကိုညီလာခံသို့ အဆိုပြုခဲ့ကြရာမှ မေလ ၃ ရက်နေ့ကို ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့အဖြစ် ၁၉၉၃ ခုနှစ်တွင် ကုလသမဂ္ဂအထွေထွေညီလာခံက သတ်မှတ်ကြေညာခဲ့ပြီး နှစ်စဉ် မေလ ၃ ရက်နေ့တွင် အထိမ်းအမှတ်အခမ်းအနားနှင့် စာနယ်ဇင်းလှုပ်ရှားမှုများ ကျင်းပကြသည်။

ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့အတွက် မီဒီယာများနှင့်ပတ်သက်၍ ယမန်နှစ်ဆောင်ပုဒ်တွင် ကြုံတွေ့နေရသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာအကျပ်အတည်းများကိုရည်ညွှန်းခဲ့ပြီး ယခုနှစ်တွင် AI နည်းပညာအကျိုးသက်ရောက်မှုရှိသည့် ကမ္ဘာသစ်ကို ရည်ညွှန်းခဲ့သည်။ Artificial Intelligence (AI) နည်းပညာသည် မျက်မှောက်ကာလ၌ လူသားအကျိုးပြုနောက်ဆုံးပေါ် နည်းပညာတစ်ခုအဖြစ် အသုံးဝင်ခေတ်စားလာသည်။ လူသားများ၏ ဉာဏ်ရည်ဉာဏ်သွေးကဲ့သို့ တွေးခေါ်ဆောင်ရွက်နိုင်ရန် ဖန်တီးပေးထားသည့်ပရိုဂရမ်ဖြစ်သည်။

AI သည် အထပ်ထပ်လေ့ကျင့်ပေးထားသော ပရိုဂရမ်ဖြစ်ပြီး လူသားများ၏ လုပ်ဆောင်မှုထက် ပိုမိုကောင်းမွန်သောရလဒ်များကို ဖြစ်ပေါ်စေသည်။ AI နည်းပညာတွင် အမျိုးအစားများစွာရှိသည့်အနက် အဓိကအရေးပါသော နယ်ပယ်တစ်ခုတည်းအတွက် အထူးလေ့ကျင့်ပေးထားသည့် AI၊ လူတစ်ဦးလုပ်ဆောင်နိုင်သကဲ့သို့ လေ့ကျင့်ပေးထားသည့် AI နှင့် လူသားတို့၏ စွမ်းရည်ထက်ကျော်လွန်ပြီး ဆုံးဖြတ်ခြင်းနှင့် ဆုံးဖြတ်ချက်များချမှတ်ရာတွင် လူတို့၏သိမြင်နိုင်စွမ်းကို ကျော်လွန်သည့် AI ဟူ၍သုံးမျိုးရှိပြီး တတိယအမျိုးအစားသည် သတင်းမီဒီယာလောကနှင့်ပတ်သက်၍ ကြုံတွေ့နေရသော စိန်ခေါ်မှုများကိုကျော်လွှားနိုင်ကာ ပိုမိုကောင်းမွန်သော လောကသစ်ကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။

ဥပမာအားဖြင့် သိရှိလိုသော မှန်ကန်သည့် အချက်အလက်များကို ရယူနိုင်ခြင်း၊ လူမှုကွန်ရက်များပေါ်၌ မှတ်ချက်ပေးရာတွင်လည်းကောင်း၊ အကြောင်းအရာများပေါ်တွင်လည်းကောင်း မသင့်တော်သော အပြုအမူစကားလုံးများအသုံးပြုလျှင် သတိပေးမှုများပြုလုပ်နိုင်ခြင်းတို့သည် AI နည်းပညာကို အသုံးပြုထားသောကြောင့်ဖြစ်သည်။ AI နည်းပညာများမှာ အစောပိုင်းကတည်းက ပေါ်ပေါက်ခဲ့သော်လည်း မြန်မာနိုင်ငံအနေဖြင့် ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုနိုင်ခြင်းမရှိသေးဟု ဆိုရမည်ဖြစ်သည်။ သတင်းတုနှင့် သတင်းမှန်ကို ခွဲခြားနိုင်သည့် စွမ်းရည်ဘက်၌ အားနည်းနေသေးသဖြင့် ပြည်သူများကြားတွင် အထင်အမြင်လွဲမှားမှုနှင့် အမုန်းတရားများကြီးထွားနေဆဲဖြစ်သည်ကို တွေ့မြင်ကြရမည်ဖြစ်သည်။

AI နည်းပညာဖြင့် လူမှုဘဝနယ်ပယ်အသီးသီးတွင် ပိုမိုကောင်းမွန်သောရလဒ်များကို ဖန်တီးပေးနိုင်ပြီး ဆန်းစစ်နိုင်မှု၊ သက်သာစေနိုင်မှု၊ အခက်အခဲများကို ဖြေရှင်းနိုင်မှု၊ အနာဂတ်ကိုခန့်မှန်းမှု၊ အချက်အလက်များကို စစ်ဆေးနိုင်မှု၊ အချိန်တိုအတွင်း ရလဒ်များကိုမှန်ကန်စွာရရှိနိုင်မှု၊ အကြောင်းအရာအသစ်များကို ဖန်တီးနိုင်မှု၊ အကြံဉာဏ်ပေးနိုင်မှု၊ ဆုံးဖြတ်ချက်များကို အကောင်းဆုံးလုပ်ဆောင်နိုင်မှုစသည့် ကောင်းကျိုးများကို ရရှိစေနိုင်သဖြင့် AI နည်းပညာကို ထိရောက်စွာအသုံးပြုတတ်ရန်လိုအပ်မည်ဖြစ်သည်။ မီဒီယာကဏ္ဍသည် အစိုးရနှင့်ပြည်သူအကြား တိုက်ရိုက်ဆက်သွယ်ပေးသော ပေါင်းကူးတံတားဖြစ်သည်။ ဒီမိုကရေစီနိုင်ငံများတွင် မီဒီယာကဏ္ဍသည် လွတ်လပ်စွာဆောင်ရွက်ရန်၊ အမှန်တရားကိုထုတ်ဖော်ရန်နှင့် ကမ္ဘာတစ်လွှားရှိ ပြည်သူလူထု၏သဘောထားကို ပုံဖော်ပေးရန်ဖြစ်သည်။ ထို့ကြောင့် အများပြည်သူ အကျိုးစီးပွားကိုရှေးရှု၍ မှန်ကန်သောသတင်းများကို ကျင့်ဝတ်နှင့်အညီ ဖော်ထုတ်ရန်လိုအပ်သလို အပြုသဘောဆောင်သည့်သဘောထားများကို မျှဝေပေးရန်လိုအပ်သည်။

မီဒီယာကဏ္ဍသည် နိုင်ငံတစ်နိုင်ငံတွင်သာမက ကမ္ဘာ့နိုင်ငံအသီးသီးတွင် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်ပတ်သက်နေသည်။ မီဒီယာကိုအသုံးချသူများရောအသုံးပြုသူများပါ AI နည်းပညာကို မှန်ကန်စွာအသုံးပြုခြင်းဖြင့် ပိုမိုကောင်းမွန်သောဝန်းကျင်ကို ပုံဖော်နိုင်မည်ဖြစ်သည်။ မီဒီယာလက်နက်ဖြင့် နိုင်ငံတစ်နိုင်ငံ၏ ငြိမ်းချမ်းရေး၊ အေးချမ်းသာယာရေး၊ တည်ငြိမ်ရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ရွက်နိုင်သကဲ့သို့ နိုင်ငံပျက်သုဉ်းရေး၊ စစ်မက်ဖြစ်ပွားရေး၊ ပဋိပက္ခများကျယ်ပြန့်လာရေးတို့ကို ဖန်တီးနိုင်သဖြင့် မြန်မာနိုင်ငံအပါအဝင် အချို့နိုင်ငံများ၌ သတင်းတု၊ သတင်းမှားများနှင့် အမုန်းစကားများပါဝင်သည့် မီဒီယာအဆိပ်သင့်မှုကိုဖယ်ရှားနိုင်ရန် ကြိုးပမ်းနေကြသည်။

သို့ဖြစ်ရာ ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့တွင် သတင်းလွတ်လပ်ခွင့်နှင့် မီဒီယာများ၏အခွင့်အရေး ပိုမိုကောင်းမွန်အောင် ဖန်တီးပေးကြရမည်ဖြစ်သလို အမှားအမှန်၊ အကောင်းအဆိုးတို့ကို ပိုင်းခြားဝေဖန် ဆုံးဖြတ်နိုင်စွမ်းများ ပေးဝေနိုင်ပြီဖြစ်၍ ပိုမိုကောင်းမွန်သောအနာဂတ်ကို ပုံဖော်ဖန်တီးပေးနိုင်သည့် AI နည်းပညာဖြင့် မှန်ကန်သည့်သတင်းလွတ်လပ်ခွင့်ကို ဖော်ဆောင်ကြရမည်ဖြစ်ပါကြောင်း။ ။



## မြန်မာ့ရိုးရာပန်းပညာ ၁၀ မျိုး အထိမ်းအမှတ် Block stamp အထူးထုတ်(၂၀၀၀ ကျပ်တန်) စာပို့တံဆိပ်ခေါင်းသစ်တစ်မျိုး ရောင်းချပေးသွားမည်

**နေပြည်တော် မေ ၂**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ မြန်မာ့ရိုးရာပန်းပညာ ၁၀ မျိုး အထိမ်းအမှတ် Block stamp အထူးထုတ် (၂၀၀၀ ကျပ်တန်) စာပို့တံဆိပ်ခေါင်းသစ်တစ်မျိုးအား ၂၀၂၅ ခုနှစ် မေ ၅ ရက် မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် ကဆုန်လဆန်း ၉ ရက် (တနင်္လာနေ့) နံနက် ၉ နာရီခွဲမှစတင်၍ နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး / ပြည်နယ်များရှိ စာတိုက်ကြီးများတွင် တစ်ပြိုင်တည်း ရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် ၂၀၂၅ ခုနှစ် မေ ၅ ရက် (တနင်္လာနေ့)တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ်ရိုက်နှိပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ၂ - ၅ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၆၇၀၀၀၀ ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂ - ၅ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၆,၉၀၀ | ၆,၉၀၀ | ၃၂၄ | ၂,၂၃၅,၆၀၀ |
| MTSH | ၃,၀၀၀ | ၃,၀၀၀ | ၁,၃၀၇ | ၃,၉၂၁,၅၀၀ |
| MCB | ၈,၁၀၀ | ၈,၁၀၀ | ၂,၆၇၈ | ၂၁,၆၉၁,၈၀၀ |
| FPB | ၁,၈၅၀ | ၁,၈၀၀ | ၁၁၃ | ၂၀၃,၄၅၀ |
| TMH | ၂,၉၀၀ | ၂,၉၀၀ | ၃,၀၀၀ | ၈,၇၀၀,၀၀၀ |
| EFR | ၁,၄၅၀ | ၁,၅၀၀ | ၅၈၄ | ၈၄၇,၄၀၀ |
| AMATA | ၃,၈၀၀ | ၃,၉၀၀ | ၃၁၀ | ၁,၁၇၉,၀၀၀ |
| MAEX | ၃,၀၅၀ | ၃,၀၅၀ | ၂,၂၄၈ | ၆,၈၅၆,၄၀၀ |
| MADPL(PLB) | ၃,၃၀၀ | ၃,၃၀၀ | ၁၀ | ၃၃,၀၀၀ |

**ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးဝင်းနိုင်
**ခေတ္တ စာတည်းမှူး** - ဦးအေဝမ်းစိုး
**စာတည်းများ** - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
**ဘာသာပြန် စာတည်းများ** - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
**အငယ်တန်း သတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

☆ ရွှေဖုံးမှ

ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်နှင့် တာဝန်ရှိသူများနှင့်အတူ သာစည်မြို့နယ်ရှိ Great Success Energy Co., Ltd. ၏ သာစည် ၃၀ မဂ္ဂါဝပ် နေရောင်ခြည် စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိရာ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ဓာတ်အားပေးစက်ရုံရှိ ရှင်းလင်းဆောင်တွင် သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ရှိသူများက သာစည် ၃၀ မဂ္ဂါဝပ်၊ သပြေဝ ၃၀ မဂ္ဂါဝပ်၊ သပြေဝ-၃(၃၀)မဂ္ဂါဝပ် နေရောင်ခြည် စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ တည်ဆောက်ထုတ်လုပ်မှုဆိုင်ရာ အခြေအနေများ၊ ငလျင်ဘေးဒဏ်ကြောင့် စက်ရုံများရှိ ဆိုလာချပ်များ၊ Pile Cap Foundation များ၊ ဆက်သွယ်ထားသောကြိုးများနှင့် ဆက်စပ်ပစ္စည်းများ ထိခိုက်ပျက်စီးခဲ့မှု၊ လက်ရှိအချိန်ထိ ပြင်ဆင် ဆောင်ရွက်ပြီးစီးမှု၊ ပြင်ဆင်ရန် ကျန်ရှိသည့်အခြေအနေများ၊ အမျိုးသားလျှပ်စစ်ကွန်ရက်(National Grid)နှင့် ချိတ်ဆက်၍ လျှပ်စစ်ဓာတ်အား ပို့လွှတ်ပေး နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးတင်အောင်စန်း သာစည်မြို့နယ်ရှိ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ၌ လျှပ်စစ်ဓာတ်အားပြန်လည်ထုတ်လုပ်ပေးနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

ဆက်လက်၍ အသစ်တည်ဆောက်လျက်ရှိသော သာစည် ၄၀ မဂ္ဂါဝပ်နှင့် သပြေဝ ၄၀ မဂ္ဂါဝပ် နေရောင်ခြည် စွမ်းအင်သုံး ဓာတ်အားပေး စက်ရုံများနှင့် ပတ်သက်သည့် အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးချုပ်က ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် ပြုပြင်ရန်ကျန်ရှိသည်များကို အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ကြရန်၊ အချိန်မရွေး ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်အတွက်လည်း ကြိုတင်မြော်တွေး၍ လိုအပ်နိုင်သည့် အရန်ပစ္စည်းများကို ကြိုတင်ထားရှိကြရန်၊ အသစ်တည်ဆောက်လျက်ရှိသော စီမံကိန်းများကိုလည်း သတ်မှတ်ချိန်အတွင်း ပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း မှာကြားသည်။

ထို့နောက် စက်ရုံဝင်းအတွင်း ငလျင်ဘေးဒဏ်ကြောင့် ပျက်စီးခဲ့မှုအခြေအနေများ၊ ဓာတ်အား ထုတ်လုပ်မှု ထိန်းညှိခန်းအတွင်း နိုင်ငံတော် ဓာတ်အားစနစ်သို့ ချိတ်ဆက်ပြီး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးနေမှု အခြေအနေများနှင့် အသစ်တည်ဆောက်လျက်ရှိသည့် သာစည် ၄၀ မဂ္ဂါဝပ် စီမံကိန်းတိုးချဲ့တည်ဆောက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားကာ ဝန်ထမ်းများအား စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Natural Solar Power Co., Ltd. ၏ သပြေဝ-၃(၃၀) မဂ္ဂါဝပ်နှင့် သပြေဝ ၃၀ မဂ္ဂါဝပ် နေရောင်ခြည် စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံများသို့ သွားရောက်၍ ငလျင်ဘေးဒဏ်ကြောင့် ပျက်စီးခဲ့မှုအခြေအနေများ၊ လျှပ်စစ်ဓာတ်အား ပြန်လည် ထုတ်လုပ်ပေးနေမှု အခြေအနေများနှင့် အသစ်တည်ဆောက်လျက်ရှိသည့် သပြေဝ ၄၀ မဂ္ဂါဝပ်စီမံကိန်း လုပ်ငန်းခွင်အတွင်း Solar Panel များ တပ်ဆင်နိုင်ရန် တိုးချဲ့တည်ဆောက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများအား စားသောက်ဖွယ်ရာများ ပေးအပ်သည်။

မတ် ၂၈ ရက်က ဖြစ်ပေါ်ခဲ့သည့် မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့မှုကြောင့် သာစည် ၃၀ မဂ္ဂါဝပ်၊ သပြေဝ ၃၀ မဂ္ဂါဝပ်၊ သပြေဝ-၃(၃၀)မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံးဓာတ်အားပေးစက်ရုံ သုံးရုံတို့တွင် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့ပြီး လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုလျော့နည်းခဲ့သဖြင့် လျှပ်စစ်ဓာတ်အား ပုံမှန်ထုတ်လုပ်နိုင်ရေး အမြန်ဆုံးဆောင်ရွက်ခဲ့ရာ ယခုအချိန်တွင် ၈၀ ရာခိုင်နှုန်း လျှပ်စစ်ဓာတ်အား ပြန်လည်ထုတ်လုပ်၍ အမျိုးသားဓာတ်အား ကွန်ရက်(National Grid)အတွင်းသို့ ပို့လွှတ်လျက်ရှိကြောင်းနှင့် ပြုပြင်ရန်ကျန်ရှိသည့် လုပ်ငန်းများကိုလည်း အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်လျက်ရှိပြီး ရာနှုန်းပြည့် ပြန်လည် ထုတ်လွှတ်နိုင်ရန် ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

❖ မြို့သစ်မှ

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ညှိနှိုင်းရွေးချယ်စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးရေလေလွင့်မှုမရှိစေရေးအတွက် လယ်ကြားမြောင်းများ စနစ်တကျ တူးဖော်ပြုပြင်ထိန်းသိမ်းဆောင်ရွက်ရေး၊ ပျိုးထောင်စနစ်၊ ကောက်စိုက်စက်၊ တိုက်ရိုက်အစေ့ချစနစ်တို့ဖြင့်သာ စနစ်တကျ စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

ယခုနှစ်တွင် ယခင်နှစ်ထက် တောင်သူများအနေဖြင့် နွေစပါးစောစီးစွာ စိုက်ပျိုးထုတ်လုပ်နိုင်ရေးနှင့် သီးထပ်သီးနှံများ ထပ်မံစိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးမှုကြီးကြပ်ရေးကော်မတီက နိုင်ငံတော်၏လမ်းညွှန်ချက်များနှင့်အညီ စိုက်ပျိုးရေများဆောလျင်စွာ ပေးဝေခဲ့ကြပြီး တောင်သူများ၏ စိုက်စွမ်းအား၊ သီးထပ်စွမ်းအားမြှင့်တင်နိုင်ရေး၊ တောင်သူများ အကျိုးစီးပွားတိုးတက်ရရှိနိုင်စေရေးနှင့်အတူ နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေးတို့အတွက် ရည်ရွယ်ဆောင်ရွက်လျက်ရှိသည်။

မြို့သစ်မြို့နယ်အတွင်း မတ် ၃၁ ရက်အထိ နွေစပါး ၅၉၅၅ ဧက ကျော်စိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရပြီး ဆည်မြောင်းဦးစီးဌာနအနေဖြင့် ဆည်ရေသွင်းအသုံးပြုတောင်သူများအဖွဲ့နှင့် ပူးပေါင်း၍ စိုက်ပျိုးရေအလေအလွင့် နည်းပါးရေးအတွက် စနစ်တကျပေးဝေပြီး နွေစပါးလျာထားဧကပြည့်မီစွာ စိုက်ပျိုးပြီးစီးနိုင်ရန် တာဝန်ရှိသူများက ပူးပေါင်း၍ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သန်းဝင်းထွန်း(ပြန်/ဆက်)**

## ပေါင်မြို့နယ် သမဝါယမဦးစီးဌာနက မိုးစပါးစိုက်ပျိုးမည့်တောင်သူများအား အောင်နိုင်တိုး အထွက်တိုးမျိုးစပါးများ ပေးအပ်

ပေါင် မေ ၂

မွန်ပြည်နယ် ပေါင်မြို့နယ် သမဝါယမဦးစီးဌာနမှ မိုးစပါးစိုက်ပျိုးမည့် တောင်သူများအား အောင်နိုင်တိုး အထွက်တိုးမျိုးစပါးများပေးအပ်ခြင်းကို ယနေ့မွန်းလွဲပိုင်းက ကျုံဟော်ကျေးရွာ၌ ကျင်းပရာ ထွန်းသစ်ရွှေဝါစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းလီမိတက်က မိုးစပါးစိုက်ပျိုးမည့် တောင်သူ ၁၁ ဦး၏ စိုက်ဧက ၃၃ ဧက အတွက် တစ်ဧကလျှင် အောင်နိုင်တိုးမျိုးစပါး တစ်တင်းနှုန်းဖြင့် မျိုးစပါး ၃၃ တင်းကို ကျုံဟော်ကျေးရွာ မိုးစပါးစိုက် အသင်းသားတောင်သူများသို့ ပေါင်မြို့နယ် သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သင်းသင်းယုနှင့် ဝန်ထမ်းများက ပေးအပ်ခဲ့ကြောင်း သိရသည်။




**မွန်မလေး(ပြန်/ဆက်)**




## ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့က လျှောင်ဘေးဒဏ်သင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုအတွက်လှူဒါန်း

**နေပြည်တော် မေ ၂**

မန္တလေးငလျင်ကြီး ဘေးဒဏ်သင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအတွက် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့က လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

လှူဒါန်းပွဲသို့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို၊ ဒုတိယဥက္ကဋ္ဌ ဦးသန်းစိုးနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများနှင့် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ တာဝန်ရှိသူများက ငွေကျပ် ၇၅ သိန်းတန်ဖိုးရှိ ဆန်ခြောက်ပြည်အိတ် ၂၀၀ နှင့် ဆီ ၅၅ ကျပ်သားဘူး ၂၀၀ တို့ကို ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှု ခံယူနေသူများအား ကြည့်ရှုအားပေး

**နေပြည်တော် မေ ၂**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ် (တောင်ပိုင်း) အောင်ပန်းမြို့ရှိ တပ်မတော်ဆေးရုံနှင့် ခိုလမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကု ဆေးရုံကြီး (ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်းတို့၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ် (ဌာနေ) တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့တွင် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေး တိုးတက်ကောင်းမွန်မှုအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၌ စုပေါင်းသွေးလှူဒါန်း

**နေပြည်တော် မေ ၂**

(၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၌ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များက စုပေါင်းသွေးလှူဒါန်းကြသည်။

**စားသောက်ဖွယ်ရာများနှင့် ဆေးဝါးများပေးအပ်**

ဦးစွာ မီးသတ်တပ်ဖွဲ့ဝင် ၂၃ ဦးတို့က သတ်မှတ်နေရာအသီးသီး၌ စုပေါင်းသွေးလှူဒါန်းကြပြီး ထိုသို့ လှူဒါန်းနေမှုများကို အနောက်တောင်တိုင်း စစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွေးအလှူရှင်များ အတွက် သွားရောက်ကြည့်ရှုအားပေးပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ဆေးဝါးများပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**




## မြဝတီမြို့၌ (၇၉)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သန့်ရှင်းရေးဆောင်ရွက်

**မြဝတီ မေ ၂**

ကရင်ပြည်နယ် မြဝတီမြို့၌ မေ ၅ ရက်တွင် ကျရောက်မည့် (၇၉)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ခရိုင်နှင့်မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များက ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ယနေ့နံနက်တွင်မြဝတီခရိုင်ပြည်သူ့ဆေးရုံကြီးအတွင်း၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြဝတီခရိုင် မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးဖြိုးမင်းဇော် ဦးဆောင်ပြီး ခရိုင်နှင့်မြို့နယ်မီးသတ်ဦးစီးဌာန သန္နေမီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၀ တို့က ပြည်သူ့ဆေးရုံပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်စေရန်၊ ခြင်များခိုအောင်းမှု မရှိစေရန်၊ မြက်ပင်များရှင်းလင်းခြင်း၊ သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရန် ရေနုတ်မြောင်းအတွင်း ပိတ်ဆို့နေသည့် အမှိုက်များကို ရှင်းလင်းဖယ်ရှားခြင်း လုပ်ငန်းများ စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## ရွှေကြို့မြေ ဘိုးဘွားရိပ်သာ၌ စုပေါင်းသန့်ရှင်းရေးပြုလုပ်ခြင်းနှင့် အလှူငွေများ ပေးအပ်လှူဒါန်း

**ကြို့ပင်ကောက် မေ ၂**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် သန္နေ အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရွှေကြို့မြေ ဘိုးဘွားရိပ်သာ၌ စုပေါင်းသန့်ရှင်းရေးပြုလုပ်ခြင်းနှင့် အလှူငွေ ပေးအပ်လှူဒါန်းခြင်းကို ယနေ့နံနက် ၉ နာရီတွင် ဆောင်ရွက်ခဲ့သည်။



မြို့နယ်မီးသတ်ဦးစီးမှူး ဦးမင်းနိုင် ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက ရွှေကြို့မြေဘိုးဘွား ရိပ်သာခြံဝင်းအတွင်းသန့်ရှင်းရေး ပြုလုပ်ခြင်း၊ အဘိုး အဘွားများ အား ခြေသည်းလက်သည်းညှပ်ပေးခြင်း၊ ခေါင်းလျှော်ပေးခြင်း၊ စောင်၊ ခြင်ထောင်၊ အိပ်ရာခင်းများအား လျှော်ဖွတ်ပေးခြင်းများ ပြုလုပ်ခြင်း၊ ဆေးပဒေသာပင်အလှူငွေကျပ် တစ်သိန်းပေးအပ်လှူဒါန်းခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ထို့ပြင် (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဘုရားစေတီပုထိုးများတွင် စုပေါင်းသန့်ရှင်းရေး ပြုလုပ်ခြင်း၊ သံဃာတော် အရှင်သူမြတ်များအား ရုံးသို့ပင့်ဖိတ်၍ အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခြင်းတို့ကိုပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း အပြာရောင်အဆင့်သတ်မှတ်ထားသည့် အပျိုဆောင်များ၌ ဝန်ထမ်းများပြန်လည်နေထိုင်နေမှုအခြေအနေ ကြည့်ရှုစစ်ဆေးအားပေး

**နေပြည်တော်  မေ ၂**

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမောင်မောင်အုန်းသည် အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့ညနေပိုင်းတွင် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဝန်ထမ်းအဆောင်များအနက် အပြာရောင်အဆင့်သတ်မှတ်ထားသည့် အပျိုဆောင်များ၌ ဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများ ပြန်လည်နေထိုင်လျက်ရှိသည့် အခြေအနေကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအား တွေ့ဆုံအားပေး စကားပြောကြားသည်။

ဦးစွာ ငလျင်ဒဏ်ခံရသော်လည်း ထိခိုက်ပျက်စီးမှု နည်းပါးပြီး ပြန်လည်နေထိုင်နိုင်သည့်အတွက် အပြာရောင်အဆင့် သတ်မှတ်ထားသော ဇမ္ဗူသီရိမြို့နယ် ဘောဂသိဒ္ဓိရပ်ကွက်အတွင်းရှိ သဇင်(၇)နှင့် သဇင်(၁)အပျိုဆောင်တို့၌ပြန်လည်နေထိုင်လျက်ရှိသည့် ဝန်ထမ်းများအား တွေ့ဆုံ၍ ငလျင်ဒဏ်ကြောင့် အဆောက်အအုံများ ထိခိုက်ခဲ့မှု၊ ဝန်ထမ်းများ ပြန်လည်နေထိုင်လျက်ရှိမှုနှင့် နေထိုင်စားသောက်မှု၊ လျှပ်စစ်မီးနှင့် ရေပြန်လည်ရရှိမှု အခြေအနေများကို မေးမြန်းသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးက ငလျင်ဒဏ်သင့်ဒေသများရှိ အပျက်အစီးများကို နိုင်ငံတော်က ဖယ်ရှား ရှင်းလင်းပေးနေမှု၊ နိုင်ငံတကာနှင့် ပြည်တွင်းအဖွဲ့အစည်းများပူးပေါင်း၍ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများနှင့် ကူညီထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပြီး လက်ရှိအချိန်တွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု၊ နိုင်ငံ့ဝန်ထမ်းများအတွက်လည်း နိုင်ငံတော်က လိုအပ်သည့် ထောက်ပံ့မှုများ ဆောင်ရွက်ပေးနေမှု၊ ငလျင်နှင့်ပတ်သက်သည့် သတင်းတု၊ သတင်းမှားများကို ရှောင်ရှား၍ သတင်းမှန်များကို စောင့်ကြည့်လိုက်နာဆောင်ရွက်စေလိုမှု၊ ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် တစ်ဦးနှင့်



တစ်ဦး ဖေးမကူညီကာ အသိ၊သတိတို့ဖြင့် ဂရုပြုနေထိုင်ကြရန် လိုအပ်မှုနှင့် မိမိတို့၏ လုပ်ငန်းတာဝန်များကိုလည်း တာဝန်သိစိတ်၊ တာဝန်ယူစိတ်ဖြင့် ကြိုးပမ်းထမ်းဆောင်ကြစေလိုမှု အခြေအနေများကို အားပေးတိုက်တွန်းပြောကြားကာ ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးရဲတင့် ကမ္ဘာလုံးဆိုင်ရာမီဒီယာဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေး

**မွမ်ဘိုင်း  မေ ၂**

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့ရှိ ဂျေရိုကမ္ဘာ့ကွန်ဗင်းရှင်း စင်တာ၌ ကျင်းပလျက်ရှိသော ကမ္ဘာလုံးဆိုင်ရာ မီဒီယာနှင့် ဖျော်ဖြေရေး ညီလာခံ (WAVES–2025) ဒုတိယနေ့ အစီအစဉ်၏ ကမ္ဘာလုံးဆိုင်ရာ မီဒီယာဆွေးနွေးပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့် တက်ရောက် ဆွေးနွေးသည်။

အဆိုပါဆွေးနွေးပွဲသို့ အိန္ဒိယနိုင်ငံ ပြန်ကြားရေးနှင့် ရုပ်သံလွှင့်ဝန်ကြီးဌာန ဝန်ကြီး မစ္စတာ Sh. Ashwini Vaishnaw၊ အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဝန်ကြီး Dr S Jaishankar၊ ကမ္ဘာ့နိုင်ငံအသီးသီးမှ ပြန်ကြားရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မီဒီယာကဏ္ဍဆိုင်ရာ အဖွဲ့အစည်းများမှ အကြီးအကဲများနှင့် မီဒီယာတာဝန်ခံများ တက်ရောက်ကြသည်။




ဦးစွာ အခမ်းအနားသို့ တက်ရောက်လာကြသည့်ပြန်ကြားရေးဝန်ကြီးများနှင့် အဖွဲ့အစည်းများမှ အကြီးအကဲများက စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ ကမ္ဘာလုံးဆိုင်ရာ မီဒီယာဆွေးနွေးပွဲတွင် အိန္ဒိယနိုင်ငံ ပြန်ကြားရေးနှင့် ရုပ်သံလွှင့်ဝန်ကြီးဌာန ဝန်ကြီးက အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားရာ၌ တီထွင်ဖန်တီးမှု၊ ယဉ်ကျေးမှု ဆက်နွယ်ဖလှယ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို အတူတကွ လက်တွဲဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် ပြည်ပရေးရာဝန်ကြီးဌာန ဝန်ကြီးက ယနေ့ခေတ်၏ နည်းပညာသည် လူငယ်များနှင့်အတူ တီထွင်ဖန်တီးနိုင်မှုများအပေါ် လျင်မြန်စွာတိုးတက်ပြောင်းလဲလာနေသဖြင့် လိုအပ်သည့် စည်းမျဉ်းများဖြင့် စနစ်တကျဆောင်ရွက်ကြရမည် ဖြစ်ပြီး အနာဂတ်အတွက် အတူပူးတွဲလျှောက်လှမ်းကြ စေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ကမ္ဘာလုံးဆိုင်ရာ မီဒီယာနှင့် ဖျော်ဖြေရေးညီလာခံ (WAVES–2025) ၏ မိတ်ဆက်ဗီဒီယိုကိုပြသသည်။ ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာကြသည့် ကမ္ဘာ့နိုင်ငံအသီးသီးမှ ပြန်ကြားရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အဖွဲ့အစည်းအကြီးအကဲများက ဆွေးနွေးပြောကြားကြသည်။

ဒုတိယဝန်ကြီး ဦးရဲတင့်က ဆွေးနွေးရာတွင် နည်းပညာများ အပြန်အလှန်မျှဝေ ဖလှယ်ခြင်းအားဖြင့် နည်းပညာအားနည်းကွာဟချက်များကို လျှော့ချနိုင်မည်ဖြစ်ပြီး ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် များစွာအထောက်အပံ့ဖြစ်စေမည်ဖြစ်ပါကြောင်း၊ အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံတို့မှာ ဆက်ဆံမှု သမိုင်းကောင်းများစွာရှိသည့် မိတ်ဆွေအိမ်နီးချင်း နိုင်ငံများဖြစ်ပြီး မကြာမီက မြန်မာနိုင်ငံတွင် ကျရောက်ခဲ့သည့် ငလျင်သဘာဝဘေးအန္တရာယ်တွင် ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ၊ ကျန်းမာရေး စောင့်ရှောက်မှုအဖွဲ့များနှင့် ကူညီကယ်ဆယ်ရေး ပစ္စည်းတန်ချိန် ၇၅၀ ခန့်တို့အား ပေးပို့ကူညီခဲ့ခြင်းအတွက် မိမိတို့နိုင်ငံနှင့် ပြည်သူများကိုယ်စား ကျေးဇူးအထူးတင်ရှိပါကြောင်း၊ ယခုကျင်းပသည့် WAVES –2025 နှင့် ကမ္ဘာလုံးဆိုင်ရာ မီဒီယာဆွေးနွေးပွဲတို့မှ ထွက်ပေါ်လာသည့် ရလဒ်ကောင်းများဖြင့် မိမိတို့အတူတကွ တက်ရောက်လာကြသည့် နိုင်ငံများသည်လည်း အိန္ဒိယနိုင်ငံနှင့်အတူ တီထွင်ဖန်တီးမှုဆိုင်ရာ လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ဆန္ဒပြုပါကြောင်း ပြောကြားသည်။

ယင်းနောက် ကမ္ဘာ့နိုင်ငံများမှ ပေးပို့သည့် video message များကို ဖွင့်လှစ်ပြသပြီးနောက် ကမ္ဘာလုံးဆိုင်ရာ မီဒီယာဆွေးနွေးပွဲ၏ ပူးတွဲ သဘောတူညီချက်ကို ထုတ်ပြန်၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ ကမ္ဘာလုံးဆိုင်ရာမီဒီယာနှင့် ဖျော်ဖြေရေး ညီလာခံ (WAVES–2025)ကို မေ ၄ ရက်အထိ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မင်းတုန်းမြို့၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**မင်းတုန်း  မေ ၂**

မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့တွင် (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယမန်နေ့ နံနက် ၈ နာရီက မြို့နယ်မီးသတ်ဦးစီးဌာနက ရေလှူဒါန်းခြင်းနှင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင် ၂၄ ဦးတို့သည် အမှတ်(၄)ရပ်ကွက်ရှိ နဂါးရုံဘုရားပတ်ဝန်းကျင်ကို စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းနှင့် နဂါးရုံဘုန်းကြီးကျောင်းသို့ သုံးရေဂါလန် ၁၆၀၀ သွားရောက် လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ဟသ်ာတခရိုင်အတွင်းရှိ မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်း

**ဟသ်ာတ  မေ ၂**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင်မီးသတ်ဦးစီးမှူးရုံးမှကြီးမှူး၍ ဟသ်ာတမြို့ ပန်းဘဲတန်းရပ်ကွက်ရှိ ဟသ်ာတခရိုင်ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်၌ ယနေ့နံနက်ပိုင်းက (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ခရိုင်မီးသတ်ဦးစီးဌာနနှင့် ခရိုင်အတွင်းရှိ မြို့နယ်မီးသတ်ဦးစီးဌာနများမှ မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်းပွဲ ပြုလုပ်သည်။

**ချီးမြှင့်ငွေများပေးအပ်**

သွေးလှူဒါန်းပွဲသို့ ဟသ်ာတခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှိုင်ထွန်းနှင့်အဖွဲ့ဝင်များ၊ ဟသ်ာတခရိုင်မီးသတ်ဦးစီးမှူး ဦးဟိန်းသူဟန်နှင့် ခရိုင်၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဟသ်ာတမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဦးအောင်ဇော်မင်းနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်သူ့ဆေးရုံကြီးမှ တာဝန်ရှိသူများက လာရောက်ကြည့်ရှုအားပေး၍ သွေးလှူဒါန်းသည့် သန္ဒေမီးသတ်တပ်ဖွဲ့ဝင် ၂၅ ဦးနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်ငါးဦး စုစုပေါင်း



မီးသတ်တပ်ဖွဲ့ဝင် ၃၀ တို့အား အားဖြည့်အစားအစာ၊ ဆေးဝါး၊ အချိုရည်နှင့် ချီးမြှင့်ငွေများကို တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# အမှောင်မှ အမှောင်သို့မသွား၊ အမှောင်မှအလင်း အလင်းမှအလင်းသို့သာ

## မိုးမြင့်

(ယမန်နေ့မှအဆက်)

နိုင်ငံတစ်ခုအပေါ် နိုင်ငံခြားတိုင်းပြည်တစ်ခုက ထောက်ပံ့ကူညီမှုမျိုးသည် အနှောင်အဖွဲ့ကင်းရန် လိုအပ်သလို အကူအညီယူသည့် နိုင်ငံသည်လည်း သံသယကင်းပြီး သန့်ရှင်းသည့်အကူအညီမျိုးကိုသာ ရယူသင့်ပါသည်။ နှစ်ဦးနှစ်ဖက်အကျိုးရှိပြီး လက်တွေ့ကျသည့်မူဝါဒအပေါ်အခြေခံသော အကူအညီမျိုးသာ ဖြစ်သင့်သည်။ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးထက် နိုင်ငံတိုးတက်ရေးကို ဦးတည်သော စစ်မှန်သည့် အကူအညီ၊ ဒီမိုကရေစီအရေး၊ ဘာအရေး၊ ညာအရေး ဆိုသည်ထက် တည်ငြိမ်ရေးကို ဦးစားပေးသည့် အထောက်အပံ့မျိုးသာဖြစ်သင့်ပါသည်။

### ပြောင်းလဲလာသည့် အမေရိကန်အစိုးရလုပ်ရပ်များကို လေ့လာပါ

ကမ္ဘာကြီးကို ပြန်ကြည့်သည့်အခါ အမေရိကန်ကိုယ်တိုင်က ဒုတိယကမ္ဘာစစ်ပြီးကတည်းက သူတို့အစဉ်တစိုက်ကျင့်သုံးခဲ့သည့် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးဦးစားပေး အကူအညီအတော်များများကို ရပ်တန့်လိုက်သည်ကို တွေ့ရသည်။ ထိုအပြောင်းအလဲက လက်တွေ့မကျ၊ အလုပ်မဖြစ်တော့သည့် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးဆိုသည်ထက် အမေရိကန်အကျိုးစီးပွားပထမနှင့် တည်ငြိမ်ရေးဘက်ကိုဦးတည်သည့်ခြေလှမ်းများဖြစ်နေသည်။ လွန်ခဲ့သည့်နှစ်ရက်က ရိုက်တာသတင်းတစ်ပုဒ်တွင် အမေရိကန်နိုင်ငံခြားရေးဌာနအောက် ဌာနခွဲ ၁၃၂ ခုကို ဖျက်သိမ်းလိုက်ပြီး ဝန်ထမ်းအင်အား ၁၅ ရာခိုင်နှုန်းအထိ လျှော့ချသွားမည့်အစီအစဉ်များ တင်ပြထားသည်က ထိုအချက်ကို ထင်ဟပ်နေသည်။

ထိုအချက်က USAID၊ NED တို့နှင့်ပတ်သက်သည့် အမေရိကန်အမျိုးသားရေးဝါဒီ သမ္မတ ထရမ့်အစိုးရ၏ လက်ရှိဆောင်ရွက်ချက်များ၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်နေသည်ကိုလည်း တွေ့မြင်ရလိမ့်မည်။ ပြောချင်သည်က ဒီမိုကရေစီနှင့် လူ့အခွင့်အရေးဟူသည့် ဝေါဟာရလှလှလေးကို အထောက်အပံ့ယူပြီး လုပ်စားနိုင်ငံရေးမျိုးကို အမေရိကန်ပြည်သူများနှင့် အမေရိကန်ခေါင်းဆောင်တို့ကိုယ်တိုင်က ပစ်ပယ်လိုက်ပြီဆိုသည့်သဘောကို သတိချပ်စေလိုခြင်းဖြစ်သည်။ တစ်ဆက်တည်း အတိတ်က ရင်နာစရာကောင်းသည့် မြန်မာ့နိုင်ငံရေးကို သင်ခန်းစာယူပြီး လှပသည့်အနာဂတ်ကို ပုံဖော်မည့် နိုင်ငံရေးအခင်းအကျင်းကို မြင်စေလိုသည့် ပြည်သူ့ဆန္ဒကို အရင်းခံလို၍ ဖြစ်ပါသည်။

### ကြိုးဆွဲရာကရသည့်နိုင်ငံအရေး မကောင်းမှု

သို့ဆိုလျှင် အတိတ်ကမြန်မာ့နိုင်ငံရေးတွင် ဘာတွေမှန်လို့ ဘာတွေမှားခဲ့ပါသလဲ၊ စာရေးသူအမြင်အရ အမှန်ထက် အမှားက ပိုများခဲ့သည်ဟု




ထင်သည်။ ကျွန်တော်တို့ ပြည်သူများကိုယ်တိုင်က လုပ်စား၊ ဟောစားနိုင်ငံရေးမျိုး၊ ရုပ်ပြနိုင်ငံရေးမျိုးကို ပိုကြိုက်တတ်သည်လည်းဖြစ်၍ ပြည်သူများတွင်လည်း တာဝန်မကင်းခဲ့ပါ။

ရုပ်ပြနိုင်ငံရေးဆိုသည်မှာ သူများကြိုးဆွဲခံ အရည်အချင်းမဲ့နိုင်ငံရေးမျိုးကို ဆိုလိုခြင်းဖြစ်သည်။ US၊ UK၊ ဂျော့ဆိုးရော့စ်ဆိုသူတို့၏ ကြိုးဆွဲရာကကြသည့် ရုပ်သေးရုပ်ဘဝတွင် အလှ္ဂာစုံအဆင့်စုံ၌ အသွင်ယူဝင်ရောက်နေသည့် ရှောင်တာနယ်တို့လို နိုင်ငံခြားသားအကြံပေး ၁၀၀ ကျော်၏ အကူအညီကို ယူနေရသည့်အစိုးရ၊ အတိတ်က ဆိုးရော့စ်၏ အကြံပေးလက်ထောက်ဖြစ်ခဲ့သူကို အစိုးရ၏ အရေးပါသော ဝန်ကြီးတစ်နေရာတွင်ခန့်ထားမိသည့် အစိုးရမျိုး၊ MI 5၊ MI 6 တို့လို မိမိနိုင်ငံကိုဆန့်ကျင်သည့် အစိုးရများ၏ ထောက်လှမ်းရေးများနှင့် နီးနီးစပ်စပ်၊ အဆက်အစပ်ရှိနေသော ခေါင်းဆောင်များ၏လုပ်ရပ်၊ နိုင်ငံအဆင့်မူဝါဒများ၊ နိုင်ငံရေး၊ စီးပွားရေး၊ တပ်မတော်၏ ထိပ်တန်းအဆင့်လျှို့ဝှက်ချက်၊ နိုင်ငံတကာဆက်ဆံရေးလျှို့ဝှက်ချက်များကို အကြံပေးများလက်ထဲ ထည့်ပေးရလောက်အောင် မိုက်မဲလွန်းသော အစိုးရမျိုး၏ လုပ်ရပ်မျိုးသည် မှန်သလား၊ မှားသလား စဉ်းစားကြည့်စေချင်သည်။ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနအချို့၌ခန့်ထားသည့် အကြံပေးများကြောင့် နိုင်ငံ့လျှို့ဝှက်ချက်များပေါက်ကြားနေသည့်အပေါ် ထိုစဉ်က တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် အရပ်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တို့က လွှတ်တော်တွင် မေးခွန်းမေးမြန်းခဲ့ဖူးသည်ကို ပြန်၍လေ့လာစေလိုပါသည်။

### လစ်ဘရယ်လှိုင်းအောက်က အကွဲအပြဲများ

နိုင်ငံတစ်နိုင်ငံတွင် ဘာသာ၊ သာသနာနှင့် အမျိုးသားရေး၊ နိုင်ငံနှင့် လူမျိုးအပေါ်ချစ်စိတ်နှင့် မျိုးချစ်စိတ်တို့မှာ အလွန်အရေးကြီးပါသည်။ ထိုခံယူချက်နှင့် စိတ်ဓာတ်များအားလုံး မရင့်ကျက်သေးသည့် ဒီမိုကရေစီစံနှုန်းနှင့် နီယိုလစ်ဘရယ်လှိုင်းများအောက်တွင် စနစ်တကျ ဖျက်ဆီးခံလိုက်ရသည့်အခါ မြတ်ဗုဒ္ဓ၏အဆုံးအမများပင် မကယ်တင်နိုင်သည်ကို တွေ့ရသည်။ နီယိုလစ်ဘရယ်ဆိုသည်မှာ အနုနည်းသုံး ခေတ်သစ်ကိုလိုနီအုပ်ချုပ်ရေးစနစ်ဖြစ်သည်။ အထူးသဖြင့် NLD အစိုးရလက်ထက်တွင် တွေ့နိုင်သည်။ ကြိုးဆွဲရာကရတော့လည်း သူတို့ယူလာသည့် လစ်ဘရယ်ပညာရေးကိုပါ လက်ခံလိုက်ရသည်သာ။ ပညာရေးဖြင့် ယဉ်ကျေးမှုကို စနစ်တကျ အဆိပ်ခတ်ခံလိုက်ရသည့်အခါ အစိုးရနှင့် ပြည်သူ၊ ပြည်သူနှင့် တပ်မတော်အကြား၊ နိုင်ငံရေးပါတီများအကြား၊ ကျောင်းသားများအကြား၊ သံဃာတော်များအကြား နောက်ဆုံး ဆရာနှင့် ကျောင်းသား၊ မိဘနှင့် သားသမီးအကြား ယုံကြည်မှု၊ နားလည်မှုတို့ ပျောက်ကုန်သည်။ ခံစားချက်ကို ရှေ့တန်းတင်ကုန်ကြတော့သည်။ ကွဲပြားကုန်ကြသည်။ နိုင်ငံရေးခံယူချက်များ လွဲကုန်သည်။ အမျိုးသားရေးသည် ခေတ်မရှိတော့ဟုဆို၍ မျိုးချစ်စိတ်တို့ ပျောက်ကုန်သည်။ ဖီဆန်မှုများဖြစ်ကုန်သည်။

### အိန္ဒိယ BJP နှင့် ဟန်ဂေရီဥပမာ

ဤကဲ့သို့ဖြစ်လာအောင် မည်သူတွေက လုပ်ခဲ့ကြသလဲ၊ မည်သူတွေဖန်တီးခဲ့ကြသလဲ၊ မီးထိုးသူနှင့် ဇာတ်ဆောင်၊ ဇာတ်ပို့၊ ဇာတ်ရံများအကြား ကမ္ဘာကျော် ဘီလျံနာကြီး ဂျော့ဆိုးရော့စ်နှင့် သူ့သား အလက်ဇန္ဒားဆိုးရော့စ်တို့က ဇာတ်ပို့၊ ဇာတ်ရံအနေဖြင့် ဘယ်လိုပါဝင်ပတ်သက်ခဲ့ကြသလဲ၊ ဘယ်လိုခြေရှုပ်ခဲ့ကြသလဲ၊ နောက်ကွယ်က ဒါရိုက်တာကကော ဘယ်သူလဲ၊ CIA လား၊ MI 6 လား။ လေ့လာပြီး သင်ခန်းစာယူနိုင်လျှင် အနာဂတ်နိုင်ငံရေးမှာ ဆောင်ရန်ရှောင်ရန်နှင့်အတူ ပိုပြီးဆင်ခြင်သုံးသပ်နိုင်လိမ့်မည်ဟုယူဆပါသည်။ ဂျော့ဆိုးရော့စ်နှင့်ပတ်သက်၍ အိန္ဒိယနိုင်ငံ၌ ခြေရှုပ်ခဲ့ပုံ ဥပမာတစ်ခုနှင့် ဦးစွာ မြည်းစမ်းကြည့်ပါစို့။ အိန္ဒိယအာဏာရပါတီ BJP ကနေ ဂျော့ဆိုးရော့စ်ကို နိုင်ငံ၏ နံပါတ်တစ်ရန်သူအဖြစ်သတ်မှတ်လိုက်ရပြီး သူ၏ OSF (Open Society Foundation ) က အိန္ဒိယ၌ တရားမဝင်မြှုပ်နှံထားသည့် ဒေါ်လာ ၁၈ ဘီလီယံကို ပိတ်ပင်လိုက်ပါသည်။ ဝန်ကြီးချုပ် မိုဒီကို မျက်မုန်းကျိုးနေသော ဆိုးရော့စ်သည် BJP ၏ ရန်သူ၊ အတိုက်အခံကွန်ဂရက်ပါတီကို ချိတ်ဆက်စပွန်ဆာပေးခြင်းဖြင့် အိန္ဒိယနိုင်ငံရေး၌ ဝင်ရှုပ်နေသည်မှာကြာပါပြီ။ မိုဒီကို ဟိန္ဒူလူမျိုးစွဲတစ်ယောက်အဖြစ် စွပ်စွဲပြီး မူဆလင်တွေဘက်က အားပေးခဲ့သူဖြစ်သည်။ လူမျိုးရေး၊ ဘာသာရေးအရ သပ်လျှိုသွေးခွဲခြင်းလည်းပါသည်။

ကမ္ဘာတစ်ဝန်း လျှို့ဝှက်ကြံစည်မှု (Conspi–racies) မကောင်းမှုအစုစုတို့၏ နှလုံးသည်းပွတ်ဖြစ်သော ဆိုးရော့စ်ကို ဟန်ဂေရီဝန်ကြီးချုပ် ဗစ်တာ အော်ဘန်က ပြစ်တင်ဝေဖန်ခဲ့သည်မှာလည်း မကြာလှသေးပါဘူး။ သူ့နိုင်ငံထဲ ကမ္ဘာအရပ်ရပ်က ရွှေ့ပြောင်းဒုက္ခသည်များကို အတင်းအကျပ် မောင်းသွင်းခံရပြီးမှ ပါလီမန်မှာ ငွေကြေးနှင့်ပတ်သက်သည့် ဥပဒေပြုတိုင်းတွင် ဝင်ရှုပ်နေသော ဆိုးရော့စ်အပေါ် ဝန်ကြီးချုပ် အော်ဘန်က ကျေနပ်မှုမရှိပါဘူး။ ထိုနည်းတူ သမ္မတ ထရမ့်ကလည်း ဂျော့ဆိုးရော့စ်၏ လုပ်ရပ်များအပေါ် နှစ်သက်မှုမရှိဘဲ မကြာမကြာ ပြစ်တင်ဝေဖန်လေ့ရှိကြောင်း တွေ့ရမည်ဖြစ်ပါသည်။

### ဆိုးရော့စ်နှင့် မြန်မာနိုင်ငံအရေး

အလှူဒါနပုံစံဖြင့် ငွေကြေးအထောက်အပံ့ယူ၊ ငွေကြေးနှင့် ကမကထလုပ်ခြင်းခံရသည့် နိုင်ငံရေးသည် ဘယ်လိုနည်းနှင့်မျှ အမှီအခိုကင်းသည်ဟု မဆိုနိုင်ပါ။ ဤနေရာတွင် ဟန်ဂေရီနွယ်ဖွား ငွေကြေးရင်းနှီးမြှုပ်နှံသူ ပရဟိတအလှူရှင် ကမ္ဘာ့သူဌေးကြီး ဆိုးရော့စ်နှင့် သူ့သား အလက်ဇန္ဒားဆိုးရော့စ်တို့ သားအဖက ဆရာကျလှသည်။ ကွန်မြူနစ်ကို မုန်းသည့် philosophy သမားပီပီ ဒီမိုကရေစီအသွင်ကူးပြောင်းရေးတွင် နိုင်ငံရေးတက်ကြွလှုပ်ရှားသူလည်းဖြစ်ခဲ့သည်။ သို့သော် လစ်ဘရယ်သမားတစ်ဦးပိုဆန်ပြီး ဒီမိုကရေစီနည်းကျရွေးကောက်ပွဲများတွင်လည်း သူ့အလိုမကျသူဆိုလျှင် ရှုံးနိမ့်အောင်အထိ စွမ်းဆောင်နိုင်သူဖြစ်ကြောင်း ၂၀၀၄ ခုနှစ် ရွေးကောက်ပွဲတွင် အရေးနိမ့်ခဲ့ရသည့် သမ္မတလောင်း ဂျော့ဒဗလျူဘုရှ်ကိုကြည့်၍ သိနိုင်သည်။ ရက်ရက်ရောရော အလှူဒါနဖြင့် ကမ္ဘာ့နိုင်ငံပေါင်း ၆၀ ခန့် ၏အရေးအရာများတွင် ဝင်ပါခဲ့ပြီး သူဖြစ်ချင်သလို အောင်မြင်မှုများစွာလည်း ရခဲ့ပါသည်။ သူလိုချင်သည်က ချုပ်ချယ်မှုကင်းသော လူ့အဖွဲ့အစည်းတစ်ခုပုံစံဖြစ်ချင်သည့်အတွက် ကမ္ဘာကြီးကို ရွာတစ်ရွာကဲ့သို့ တစ်ခုတည်းနယ်စည်းမခြား Globalization ဖြစ်အောင်လုပ်ပစ်လိုက်သည်။

စာမျက်နှာ ၇ သို့ ✪

❝ရုပ်ပြနိုင်ငံရေးဆိုသည်မှာ သူများကြိုးဆွဲခံ အရည်အချင်းမဲ့နိုင်ငံရေးမျိုးကို ဆိုလိုခြင်းဖြစ်သည်။ US၊ UK၊ ဂျော့ဆိုးရော့စ်ဆိုသူတို့၏ ကြိုးဆွဲရာကကြသည့် ရုပ်သေးရုပ်ဘဝတွင် အလှ္ဂာစုံအဆင့်စုံ၌ အသွင်ယူဝင်ရောက်နေသည့် ရှောင်တာနယ်တို့လို နိုင်ငံခြားသားအကြံပေး၁၀၀ ကျော်၏အကူအညီကို ယူနေရသည့်အစိုးရ၊ အတိတ်က ဆိုးရော့စ်၏ အကြံပေးလက်ထောက်ဖြစ်ခဲ့သူကို အစိုးရ၏ အရေးပါသောဝန်ကြီးတစ်နေရာတွင် ခန့်ထားမိသည့် အစိုးရမျိုး၊ MI 5၊ MI 6 တို့လို မိမိနိုင်ငံကိုဆန့်ကျင်သည့် အစိုးရများ၏ ထောက်လှမ်းရေးများနှင့် နီးနီးစပ်စပ်၊ အဆက်အစပ်ရှိနေသော ခေါင်းဆောင်များ၏လုပ်ရပ်၊ နိုင်ငံအဆင့်မူဝါဒများ၊ နိုင်ငံရေး၊ စီးပွားရေး၊ တပ်မတော်၏ ထိပ်တန်းအဆင့်လျှို့ဝှက်ချက်၊ နိုင်ငံတကာဆက်ဆံရေးလျှို့ဝှက်ချက်များကို အကြံပေးများလက်ထဲ ထည့်ပေးရလောက်အောင် မိုက်မဲလွန်းသောအစိုးရမျိုး၏ လုပ်ရပ်မျိုးသည် မှန်သလား၊ မှားသလား စဉ်းစားကြည့်စေချင်❞

# ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) သင်တန်းများ ဖွင့်လှစ်နိုင်ရေးပြင်ဆင်ထားရှိမှု အခြေအနေများ ကြည့်ရှုစစ်ဆေး



နေပြည်တော် မေ ၂

ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သော်သည် ဥက္ကဋ္ဌရုံးညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဆွေတို့နှင့်အတူ ယနေ့တွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)သို့ ရောက်ရှိစစ်ဆေးသည်။

ဦးစွာ တက္ကသိုလ်အစည်းအဝေးခန်းမ၌ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ် ဦးကျော်စိုး၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ တက္ကသိုလ်ပညာရပ် အဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ ၂၀၂၅-၂၀၂၆ လေ့ကျင့်ရေးနှစ် သင်တန်းလျာထားချက်နှင့်အညီ ဇွန်လဆန်းတွင် သင်တန်းများ စတင်ဖွင့်လှစ်နိုင်ရေး သင်တန်းအင်အားအလိုက် သင်တန်းအိပ်ဆောင်၊ စာသင်ဆောင်များတွင် ဘေးအန္တရာယ်ကင်းရှင်းစွာ လေ့ကျင့်သင်ကြားနိုင်ရေးနှင့် စားသောက်ရေးအတွက် ကြိုတင်ပြင်ဆင်ထားရမည့် ကိစ္စရပ်များ၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးသော သင်တန်းအိပ်ဆောင်များ၊ စာသင်ဆောင်များ ပြင်ဆင်နေမှုအခြေအနေ၊ ပြင်ဆင်ရာတွင် ကျွမ်းကျင်သူများ၏ အကြံပြုချက်အတိုင်း အလေးထားဆောင်ရွက်ရေး၊ ပညာဌာနအလိုက် သင်ရိုးညွှန်းတမ်း၊ ပို့ချဘာသာရပ်များ စနစ်တကျ ပြင်ဆင်ထားရေး မှာကြားသည်။

ထို့နောက် ၂၀၂၅-၂၀၂၆ လေ့ကျင့်ရေးနှစ် သင်တန်းလျာထားချက်နှင့်အညီ ဇွန်လဆန်းတွင် သင်တန်းသားများထားရှိမည့် အိပ်ဆောင်၊ စားရိပ်သာများ၊ သင်တန်းခန်းမများ ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မန္တလေးငလျင်ကြီးကြောင့် စစ်ကိုင်းတိုင်းဒေသကြီးမှ တက္ကသိုလ်ဝင်စာမေးပွဲ အဖြေလွှာများ ပျက်စီးဆုံးရှုံးခဲ့ရသဖြင့် ပြန်လည်ဖြေဆိုရမည့် စစ်သည်များနှင့် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံအားပေးစကားပြောကြား



နေပြည်တော် မေ ၂

မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခဲ့သော စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အချို့ဒေသများတွင် တက္ကသိုလ်ဝင်စာမေးပွဲ အဖြေလွှာများ ပျက်စီးဆုံးရှုံးခဲ့ရသဖြင့် ပြန်လည်ဖြေဆိုရမည့် စစ်သည်များနှင့် ကျောင်းသားကျောင်းသူများအား တွေ့ဆုံအားပေးစကားပြောကြားခြင်းကို ယနေ့နံနက်ပိုင်းတွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဗေယျာသီရိခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးမင်းထွေးနှင့် တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ပြန်လည်ဖြေဆိုရမည့် စစ်သည်များနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

## ရှင်းလင်းပြောကြား

ဦးစွာ တိုင်းမှူးက ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုရမည့် စစ်သည်များနှင့် ကျောင်းသားကျောင်းသူများအား တစ်ဦးချင်းလိုအပ်သည်များကို မေးမြန်း၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

**“ နိုင်ငံရေးအသွေးအရောင် Neoliberalism နှင့်အတူ လွတ်လပ်သော ဈေးကွက်စီးပွားရေးစနစ်ကိုဖော်ဆောင်ပြီး ယုံကြည်ရာကို လွတ်လပ်စွာ တွေးခေါ်ခွင့်ရှိ၍ ဥပမာ လိင်တူ၊ လိင်ကွဲ၊ လိင်အသွင်ပြောင်း လွတ်လပ်စွာ လုပ်နိုင်ခွင့်ရှိရမည်အထိ ဆိုလာကြသည်။ ခွဲခြားဆက်ဆံမှုမရှိစေရ၊ မိဘနှင့် သားသမီးအကြား၊ သူငယ်ချင်း အချင်းချင်းအကြား၊ နောက်ဆုံး နိုင်ငံအချင်းချင်းကြားမှာပင် ရန်တိုက်ခံရ၊ သတိထားဆက်ဆံရသည့် အခြေအနေများအထိ ရောက်ရှိသွားပြီး အနီနှင့် အစိမ်း Disroyality Civil Servant (DCS ) သစ္စာဖောက်ဝန်ထမ်းနှင့် Non DCS သစ္စာရှိဝန်ထမ်းဟူ၍ အပြန်အလှန်အမုန်းတရားများ ကြီးစိုးလာကြသည်။ အရာအားလုံးတွင် လူမျိုး၊ ဘာသာမရွေး၊ ကျားမတန်းတူမှု၊ တန်းတူညီမျှမှုကို လစ်ဘရယ်စိတ်ဓာတ်ဖြင့် ရှေ့တန်းတင်လာသည့်အခါ နိုင်ငံလုံခြုံရေးအတွက် အသက်မကအရေးကြီးသော “ ညွှေ့စာရင်းဥပဒေ၊ နောက်ယောင်ခံဥပဒေများ” ဖျက်သိမ်းခံရသည်အထိ စည်းလွတ်ဝါးလွတ်ဖြစ်သွားရသလို ခိုးဝင်ဘင်္ဂါလီကိုပါ လက်ခံရတော့မည်အထိဖြစ်ကုန် ”**




❂ စာမျက်နှာ ၆ မှ

ဆိုးရော့စ်တို့အဖွဲ့၏ သဘာဝပတ်ဝန်းကျင်ကို အလွန်အမင်းချစ်ပြလိုက်ကြခြင်းကြောင့် အချို့နိုင်ငံများတွင် ဖွံ့ဖြိုးမှုနှေးကုန်သည်။ လူတိုင်းတွင် လူ့အခွင့်အရေးရှိသည် Right ကို ရှေ့တန်းတင်၍ အရာရာဖီဆန်လာကြသည်။ လူသားတိုင်းသည် တန်းတူ equity ဖြစ်သည်ဆို၍ လူ့အဖွဲ့အစည်းများ ကွဲပြားကုန်သည်။ ဘာသာတရားမှာ လွတ်လပ်စွာ ကိုးကွယ်နိုင်သည့် Freedom ဖြစ်လာသည့်အခါ မိမိတို့ ကိုယ်ပိုင်ဘာသာတရားကိုပင် လေးစားမှု၊ ယုံကြည်မှုများ လျော့ပါးလာကြသည်။ နိုင်ငံရေးအသွေးအရောင် Neoliberalism နှင့်အတူ လွတ်လပ်သော ဈေးကွက်စီးပွားရေးစနစ်ကို ဖော်ဆောင်ပြီး ယုံကြည်ရာကို လွတ်လပ်စွာတွေးခေါ်ခွင့်ရှိ၍ ဥပမာ လိင်တူ၊ လိင်ကွဲ၊ လိင်အသွင်ပြောင်း လွတ်လပ်စွာလုပ်နိုင်ခွင့်ရှိရမည်အထိ ဆိုလာကြသည်။ ခွဲခြားဆက်ဆံမှုမရှိစေရ၊ မိဘနှင့်သားသမီးအကြား၊ သူငယ်ချင်း အချင်းချင်းအကြား၊ နောက်ဆုံး နိုင်ငံအချင်းချင်းကြားမှာပင် ရန်တိုက်ခံရ၊ သတိထား ဆက်ဆံရသည့်အခြေအနေများအထိ ရောက်ရှိသွားပြီး အနီနှင့် အစိမ်း Disroyality Civil Servant (DCS ) သစ္စာဖောက်ဝန်ထမ်းနှင့် Non DCS သစ္စာရှိဝန်ထမ်းဟူ၍ အပြန်အလှန်အမုန်းတရားများကြီးစိုးလာကြသည်။ အရာအားလုံးတွင် လူမျိုး၊ ဘာသာမရွေး၊ ကျားမတန်းတူမှု၊ တန်းတူညီမျှမှုကို လစ်ဘရယ်စိတ်ဓာတ်ဖြင့် ရှေ့တန်းတင်လာသည့်အခါ နိုင်ငံလုံခြုံရေးအတွက် အသက်မကအရေးကြီးသော **“ ညွှေ့စာရင်းဥပဒေ၊ နောက်ယောင်ခံဥပဒေများ”** ဖျက်သိမ်းခံရသည်အထိ စည်းလွတ်ဝါးလွတ်ဖြစ်သွားရသလို ခိုးဝင်ဘင်္ဂါလီကိုပါ လက်ခံရတော့မည်အထိ ဖြစ်ကုန်သည်။

အများပြည်သူအကျိုးမဖြစ်သော **“ကလေးသူငယ်များမွေးစားခွင့်ဥပဒေ”** ကြောင့် လူမျိုးပါပျောက်၊ ဘာသာ၊ သာသနာပါကွယ်ရမလို ဖြစ်သွားသည်။ အများသုံးဖေ့စ်ဘွတ်ကို ကျပ်သိန်းပေါင်း ၆၄၀၀၀ ဖြင့် ဆန့်ကျင်ဘက်အင်အားစုများ၏ အသံကို ထိန်းချုပ်လိုက်သည်ကကော မီဒီယာလွတ်လပ်ခွင့်တစ်ခုလား၊ အဖြေမရှင်းလှသော်လည်း အတိုက်အခံများကို နှိပ်ကွပ်ရာမှာတော့ အလွန်ပင် အသုံးတည့်လှသည်။ လစ်ဘရယ်အယူနှင့် လုံခြုံရေး ဆက်စပ်သဘောတရားကို မြင်တတ်ရမည်ဖြစ်သကဲ့သို့ နိုင်ငံ့အနာဂတ်အခင်းအကျင်းအတွက် ကြိုတင်ပြင်ဆင် ပုံဖော်ထားသည့်အတိုင်း ဖြစ်နေသည်ကို ပြန်လည်တွေးဆစေချင်ပါသည်။

(ဆက်လက်ဖော်ပြပါမည်)

# ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း အမျိုးသားပြန်လည်သန်စွမ်းရေးဆေးရုံ ခြေတုလက်တုနှင့်အားပြုကိရိယာအလုပ်ရုံသို့ သွားရောက်ကြည့်ရှု



**ရန်ကုန် မေ ၂**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းသည် ညွှန်ကြားရေးမှူးချုပ်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ အမျိုးသား ပြန်လည်သန်စွမ်းရေးဆေးရုံ၊ ခြေတုလက်တုနှင့်အားပြုကိရိယာအလုပ်ရုံသို့သွားရောက်၍ ခြေလက်ဆုံးရှုံးသူ လူနာများအား ခြေတုလက်တု တပ်ဆင်ပေးနိုင်ရေးအတွက် ခြေတုလက်တုတိုင်းတာ တပ်ဆင်ထုတ်လုပ်သည့်နေရာ၊ လေ့ကျင့်သင်ကြားမှု ဆောင်ရွက်သည့်နေရာ၊ ခြေတုလက်တုနှင့်အားပြုကိရိယာဆိုင်ရာ ကျွမ်းကျင်သင်တန်းဆောင်ရွက်သည့် ဌာနနှင့် ခြေဖဝါးတုထုတ်လုပ်သည့် စက်ရုံတို့ကို လှည့်လည်ကြည့်ရှု၍ လူနာများအား အားပေးစကားပြောကြားပြီး အလုပ်ရုံလုပ်ငန်းများ တိုးတက်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များ မှာကြားသည်။

ထို့နောက် အစည်းအဝေးခန်းမ၌ တပ်မတော်ကိုယ်လက်အင်္ဂါ ပြန်လည်သန်စွမ်းရေးဆေးရုံ ခုတင်-၃၀၀ (မင်္ဂလာဒုံ)မှ တပ်မှူး က အဆိုပါဆေးရုံ၌ ခြေတုလက်တုများ တပ်ဆင်ထုတ်လုပ်ပေးနေသည့် အခြေအနေများ၊ အမျိုးသားပြန်လည်သန်စွမ်းရေးဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာ ခင်သီတာအောင်က ဆေးရုံ၏ကုသရေးလုပ်ငန်းများနှင့် ခြေတုလက်တုအားပြုကိရိယာအလုပ်ရုံလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကိုလည်းကောင်း၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်(ICRC)၏ ခြေတုလက်တုအလုပ်ရုံတွင် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက အရည်အသွေးပိုမိုကောင်းမွန်သော ခြေတုလက်တုများ တပ်ဆင်ထုတ်လုပ်နိုင်ရေးအတွက် အဆင့်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ခြေတုလက်တုကျွမ်းကျင်ပညာရှင်များကို အရေအတွက် ပိုမို၍လေ့ကျင့်သင်ကြားပေးရန်နှင့် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းတိုးတက်ဖွံ့ဖြိုးရေးအတွက်ပါ တစ်ပါတည်း စဉ်းစားဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ မန္တလေးငလျင်ကြောင့် ခြေလက်ဆုံးရှုံးသူ လူနာများအားလုံးကို ၎င်းတို့၏ ဘဝနေထိုင်မှု ပိုမိုကောင်းမွန်စေရေးအတွက် ခြေတုလက်တုများ တပ်ဆင်ပေးရန် စီစဉ်လျက်ရှိကြောင်း၊ နိုင်ငံတော်အကြီးအကဲမှ စေတနာအပြည့်အဝဖြင့် အလုံးစုံခြေတုလက်တုများ အပြီးအစီး တပ်ဆင်ပေးနိုင်သည်အထိ အပြည့်အဝ ကျန်းမာရေးစောင့်ရှောက်မှုပေးရန် လမ်းညွှန်ထားကြောင်း၊ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့နှင့် နည်းပညာနှင့် ကျွမ်းကျင်ပညာရှင်များ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်မြို့ ဗဟိုအအေးခန်းကာကွယ်ဆေးသိုလှောင်ရုံတွင် ကာကွယ်ဆေးများသိုလှောင်သိမ်းဆည်းထားမှု အခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားကာ ဧည့်ခန်းမ၌ ငလျင်ဘေးဒဏ်သင့်လူနာများနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် ညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီမှ လှူဒါန်းသော အလှူငွေကျပ် သိန်း ၁၀၀ ကို ပါတီဥက္ကဋ္ဌ ဒေါက်တာခင်မောင်ဦးနှင့်အဖွဲ့က ပေးအပ်ခြင်းကိုလည်းကောင်း၊ မြန်မာနိုင်ငံ ဆီးချိုသွေးချိုနှင့် ဟော်မုန်းရောဂါအသင်းနှင့် ဆေးတက္ကသိုလ် (၂)၊ ရန်ကုန်သင်ကြားရေးဌာနများနှင့် ကျောင်းသားကျောင်းသူများက ငလျင်ဘေးဒဏ်ခံစားခဲ့ရသော လူနာများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည့် ကျန်းမာရေးဝန်ထမ်းများနှင့် ငလျင်ဘေးဒဏ်သင့်လူနာများ ကျန်းမာရေးစောင့်ရှောက်မှုတို့အတွက် လှူဒါန်းသော အလှူငွေကျပ် သိန်း ၁၀၀ စီကိုလည်းကောင်း လက်ခံရယူ၍ ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးဝင်းရှိန် အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်ပေးအပ်ပွဲ တက်ရောက်



**ရန်ကုန် မေ ၂**

မြန်မာနိုင်ငံ လုပ်သားများကျွမ်းကျင်မှု "စံ"သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA) ၏ အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်း (ရန်ကင်း) ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ တိုင်းဒေသကြီး တိုင်းရင်းသားရေးရာ ဝန်ကြီး၊ တိုင်းဒေသကြီး အလုပ်သမားရေးရာဌာနများမှ တာဝန်ရှိသူများ၊ ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးနှင့် အသိအမှတ်ပြုရေးကော်မတီ (ACC) နှင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုလေ့ကျင့်ရေးကော်မတီဝင်များ၊ UMFCCI၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်၊ မြန်မာနိုင်ငံဆောက်လုပ်ရေး လုပ်ငန်းရှင်များအသင်းချုပ်တို့မှ တာဝန်ရှိသူများ၊ NSSA ၏ အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြု လက်မှတ်ရယူမည့် ကျွမ်းကျင်လုပ်သားများ၊ ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးဌာနတာဝန်ခံများ၊ စစ်ဆေးရေးမှူးများနှင့် စစ်ဆေးအကဲဖြတ်သူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက NSSA အနေဖြင့် ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးနှင့် အသိအမှတ်ပြုရေးလုပ်ငန်းစဉ်ကို ၂၀၁၄ ခုနှစ်မှ ၂၀၂၅ ခုနှစ် ဧပြီလကုန်အထိ ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးဌာန ၃၁၄ ခု၊ စစ်ဆေးအကဲဖြတ်သူ ၁၀၈၆ ဦး၊ စစ်ဆေးရေးမှူး ၁၃၈ ဦးဖြင့် လည်ပတ်ခဲ့ပြီး အလုပ်အကိုင် ၅၂ မျိုးတွင် ဖြေဆိုသူ ၃၂၀၃၃ ဦး အနက် ၂၉၅၅၀ ကို ကျွမ်းကျင် လုပ်သားများအဖြစ် အသိအမှတ်ပြုခဲ့ကြောင်း၊ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် နေပြည်တော်ကောင်စီနယ်မြေတို့မှ အလုပ်အကိုင် ၁၁ မျိုးအတွက် ကျွမ်းကျင်လုပ်သား ၂၉၉ ဦးနှင့် အလုပ်အကိုင် နှစ်မျိုးအတွက် ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးဌာန နှစ်ခုတို့ကို အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်များ ပေးအပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး၊ UMFCCI အထွေထွေအတွင်းရေးမှူးချုပ်၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်နှင့် မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များ အသင်းတို့မှ ကိုယ်စားလှယ်များက အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

**ကြည့်ရှုအားပေး**

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး သဃ်္ဃန်းကျွန်းမြို့နယ် ဘဝမြင့်ရပ်ကွက် ရတနာလမ်း မလိခ အိမ်ရာရှိ MEGA ACE HOSPI - TALITY ACADEMY သင်တန်းကျောင်းသို့သွားရောက်၍ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းများဖွင့်လှစ်ပို့ချနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဥတ္တရသီရိမြို့နယ်အတွင်း မန္တလေးငလျင်ကြောင့် ထိခိုက်ခံစားနေရသူများအား စိတ်လူမှုဆိုင်ရာပံ့ပိုးခြင်းနှင့် ကလေးပျော်နေရာများဖန်တီးပေးခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် မေ ၂**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်း မန္တလေးငလျင်သက်ရောက်မှုကြောင့် လူသေဆုံး၊ ထိခိုက်ဒဏ်ရာရရှိမှုများ၊ နေအိမ်များပြိုလဲပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရာ လူမှုဝန်ထမ်းဦးစီးဌာနမှ စိတ်လူမှုဆိုင်ရာပံ့ပိုးခြင်းလုပ်ငန်းများနှင့် ကလေးပျော်နေရာများဖန်တီးပေးခြင်းလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်းဦးစီးဌာနမှ ဖွဲ့စည်းထားသော ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် နေပြည်တော် လူမှုဝန်ထမ်းဦးစီးဌာနရုံးမှ ဝန်ထမ်းများနှင့် ပူးပေါင်းအဖွဲ့သည် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ်(သစ်ဝင်တိုင်းနယ်မြေ) သဘာဝဘေးအန္တရာယ်(မြေငလျင်ဘေး) ကူညီကယ်ဆယ်ရေးစခန်းရှိ ငလျင်ဘေးဒဏ်ခံစားခဲ့ရသည့် ပြည်သူများအား စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ပေးနိုင်ရန်အတွက် စိတ်လူမှုဆိုင်ရာပံ့ပိုးခြင်းနှင့် ကလေးပျော်နေရာများဖန်တီးပေးခြင်း လုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။




**အောင်မျိုးဝင်း(ဥတ္တရ)**

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆက်လက်ဆောင်ရွက်လျက်ရှိ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင် မဟာအောင်မြေမြို့နယ်ရှိ ဝိဇ္ဇာလင်္ကာရကျောင်းတိုက်အတွင်းရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အအုံများအား အသိအမှတ်ပြုလက်မှတ်ရ အင်ဂျင်နီယာ(PE) အဖွဲ့များက (SOP)အတိုင်း လိုက်လံစစ်ဆေးနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် အမရပူရမြို့နယ်ရှိ ပွဲပါမင်းကျောင်းတိုက် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် အပျက်အစီးများအား ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုစဉ်။

နေပြည်တော် မေ ၂

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေး ငလျင်ကြီးကြောင့် လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်း/အဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ ရွာထောင်ရပ်ကွက်ရှိ မြန်မာ့မီးရထား ဒီဇယ်စက်ခေါင်းစက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ၎င်းစက်ရုံရှိ ယာယီရှင်းလင်းဆောင်၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသော စက်ရုံအလုပ်ရုံနှင့် မီးရထားဝန်ထမ်းအိမ်ရာအဆောက်အအုံများပျက်စီးမှုအခြေအနေများကို တာဝန်ရှိသူတစ်ဦးက Power Point ဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် စက်ရုံဝင်းအတွင်း ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေသော စက်ရုံအလုပ်ရုံနှင့် မီးရထားဝန်ထမ်းအိမ်ရာအဆောက်အအုံများအား လိုက်လံကြည့်ရှုစစ်ဆေးပြီး မီးရထားစက်ရုံဝင်းအတွင်း၌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနတို့မှ ကလေးငယ်များ ငလျင်ဒဏ်ကြောင့် စိတ်ဒဏ်ရာများ ပြေပျောက်စေရေးအတွက် ကလေးပျော်နေရာများ စီစဉ်ထားရှိမှုနှင့် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် ရွာထောင်ဘုတာတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ စစ်ကိုင်းမြို့ တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့ကို ကြည့်ရှုအားပေးစဉ်။

ယင်းနောက် စစ်ကိုင်းမြို့ တကောင်းရပ်ကွက်ရှိ စကုမော်ငလျင်ဒဏ်သင့်ပြည်သူများ စောင့်ရှောက်ရေးစခန်း၊ ပါရမီရပ်ကွက်ရှိ ငလျင်ဒဏ်သင့်ပြည်သူများ စောင့်ရှောက်ရေးစခန်းနှင့် နန်းဦးမြို့သစ်ရှိ ငလျင်ဒဏ်သင့်ပြည်သူများ စောင့်ရှောက်ရေးစခန်းများသို့ သွားရောက်၍ စခန်းအတွင်း အပြင်းအထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ဆေးတိုက်ကျွေးနေမှု၊ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များနှင့် စည်းကမ်းစနစ်တကျရှိစေရေး စခန်းတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ သောတပန်ရပ်ကွက်ရှိ နှစ်ပေါင်း ၃၀၀ ခန့်ရှိသမိုင်းဝင်စေတီတော်ကြီးတစ်ဆူဖြစ်သော လေးကျွန်းမာရ်အောင်မြတ်စွာဘုရားကြီး ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့်ထီးတော်အား ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်ရန်အတွက် စေတီတော်ကြီး၏အပေါ်မှ မြေသို့ပြန်လည်ပင့်ဆောင်နေမှုတို့ကို သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် သံပုဏ္ဏာရာမကျောင်းတိုက် ကျောင်းပရိဝုဏ်အတွင်း ငလျင်ဘေးသင့်သံဃာတော်များ၊ သီလရှင်များနှင့် ပြည်သူများအား တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုအားပေးကြသည်။

မွန်းလွဲပိုင်းတွင် ပဲကတိုးရပ်ကွက်ရှိ စစ်ကိုင်းတက္ကသိုလ် ပတ္တမြားရပ်ကွက်ရှိ စစ်ကိုင်းပညာရေးတက္ကသိုလ်တွင် ပါမောက္ခများက Grade-12 ဖြေဆိုကြမည့်ကျောင်းသား ကျောင်းသူ ၁၈၈၀ တို့အား အနီးကပ်စခန်းသွင်းလေ့ကျင့်သင်ကြားနေမှုများနှင့် ငလျင်ဒဏ်ကြောင့်ပျက်စီးခဲ့သော အဆောက်အအုံများ ဖယ်ရှားရှင်းလင်းနေမှုများကို ကြည့်ရှုအားပေးသည်။ ထို့နောက် စစ်ကိုင်းမြို့ စီတီးရပ်ကွက်ရှိ ရာဇာမဏိစူဠာကောင်းမှုတော်စေတီနှင့် စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင်စေတီများ၊ သောတပန်ရပ်ကွက်ရှိ သီရိရတနာသီလရှင်ကျောင်းတိုက်နှင့် လူနေအဆောက်အအုံများတွင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေသော သာသနိကအဆောက်အအုံ၊ အရံစေတီများနှင့်ကျောင်းဆောင်အဆောက်အအုံတို့အား ဖယ်ရှားရှင်းလင်းနေမှု အခြေအနေများကို သွားရောက်ကြည့်ရှုအားပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့် တာဝန်ရှိသူများသည် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ အသိအမှတ်ပြုလက်မှတ်ရ အင်ဂျင်နီယာ (PE) အဖွဲ့များ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ လိုက်ပါလျက် ချမ်းအေးသာစံမြို့နယ်ရှိ ငလျင်ဒဏ်ထိခိုက်ခဲ့သော အန္တရာယ်ရှိအဆောက်အအုံအပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး အသိအမှတ်ပြုလက်မှတ်ရ အင်ဂျင်နီယာ (PE) အဖွဲ့များက (SOP) အတိုင်း လိုက်လံစစ်ဆေးနေမှုများကို သွားရောက်ကြည့်ရှု၍ သဘာဝဘေးအန္တရာယ်ဖြစ်ပွားပြီးနောက် အဆောက်အအုံပျက်စီးမှု အမြန်အကဲဖြတ်ခြင်းအစီအစဉ်များအတိုင်း မြေပြင်တွင် လိုက်လံစစ်ဆေးခြင်းရှိ/မရှိ အခြေအနေများကိုလည်းကောင်း၊ အဆောက်အအုံအပျက်အစီးများကို စနစ်တကျကြည့်ရှု၍ ခန့်မှန်းတွက်ချက်ခြင်း၊ Level-1 အဆင့် စစ်ဆေးပြီး အဆောက်အအုံများအား သတ်မှတ်ခွဲခြားထားသည့်အရောင်များအတိုင်း အဆင့်သတ်မှတ်မှုအခြေအနေများကိုလည်းကောင်း၊ စစ်ဆေးမှုလုပ်ငန်းစဉ်နှင့် အဆောက်အအုံအခြေအနေများကို သက်ဆိုင်ရာအိမ်ပိုင်ရှင်များ သိရှိနားလည်စေရန် တာဝန်ရှိသူများက ရှင်းလင်းပြောဆိုမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုအားပေးကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ **စာမျက်နှာ ၁၁ သို့** ✳



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင် ကျောက်ဆည်မြို့ ဈေးတန်းရပ်ကွက်ရှိ နေထိုင်ရန်မသင့်သောအန္တရာယ်ရှိအဆောက်အအုံများအား စက်ယန္တရားဖြင့် ရှင်းလင်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

# မြန်မာ့မီးရထား၏ (၁၄၈)နှစ်မြောက် နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုအပ်ပါသည်...

ညီညီ(ရထား)

**မြန်မာနိုင်ငံ၌ ၁၈၇၇ ခုနှစ် မေလ ၁ ရက်နေ့တွင် ရန်ကုန်-ပြည်ရထားလမ်း စတင်ဖောက်လုပ်ပြေးဆွဲခဲ့ခြင်းနှင့်အတူ ရထားလုပ်ငန်းပေါ်ထွန်းခဲ့သည့်အချိန်မှစ၍ ၂၀၂၅ ခုနှစ် မေလ ၁ ရက်နေ့တွင် (၁၄၈)နှစ်မြောက် ရှိခဲ့ပြီဖြစ်ပါသည်။ သမိုင်းကြောင်းရှည်လျားခဲ့သည့် ကာလအတွင်း ရထားပြေးဆွဲခြင်းလုပ်ငန်းဖြင့် ပြည်သူ့ဝန်ဆောင်မှု ပေးလျက်ရှိသည့် ရင့်ကျက်နေပြီဖြစ်သော ဌာနကြီးတစ်ခုဖြစ်ပါကြောင်း တင်စားလိုပါသည်။**



၁၈၇၇ ခုနှစ် မေလ ၁ ရက်နေ့တွင် မြန်မာ့ပထမဆုံး ရန်ကုန် - ပြည် မီးရထားလမ်းဖွင့်ပွဲ ကျင်းပစဉ်။

### သက်တမ်းအရင့်ဆုံးဖြစ်ကြောင်း သမိုင်းက သက်သေပြ

မြန်မာနိုင်ငံ၏ ရထားပြေးဆွဲခြင်းလုပ်ငန်းသည် အရှေ့တောင်အာရှနိုင်ငံများ၏ ရထားပြေးဆွဲခြင်းများထက် သက်တမ်းအရင့်ဆုံးဖြစ်ကြောင်း သမိုင်းက သက်သေပြလျက်ရှိပါသည်။ ရထားလမ်း တိုးချဲ့ဖောက်လုပ်နိုင်ခဲ့မှုများကို လေ့လာကြည့်မည်ဆိုပါက မြန်မာနိုင်ငံတွင် ရထားလုပ်ငန်းစတင်ခဲ့သည့် ၁၈၇၇ ခုနှစ်မှ လွတ်လပ်ရေးမရမီ ၁၉၄၈ ခုနှစ်အထိ ရထားလမ်းခရီးမိုင် ၁၉၂၄ မိုင်ခန့်နှင့် ဘူတာရုံပေါင်း ၄၇၆ ရုံ တည်ရှိခဲ့ရာ လွတ်လပ်ရေးရပြီး ၁၉၄၈ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ရထားလမ်းခရီးမိုင် ၅၄ မိုင်ခန့်နှင့် ဘူတာရုံ ၁၁ ရုံ တိုးတက်တည်ဆောက်နိုင်ခဲ့ကာ ၁၉၈၈ ခုနှစ်မှစ၍ ယနေ့အထိ ရထားလမ်းခရီးမိုင် ၁၈၂၂ မိုင်ခန့်နှင့် ဘူတာရုံ ၄၇၃ ရုံ ထပ်မံတိုးချဲ့ဖောက်လုပ်တည်ဆောက်နိုင်ခဲ့သည့်အတွက် နိုင်ငံအတွင်း ရထားလမ်းခရီးမိုင်စုစုပေါင်း မိုင် ၃၈၀၀ ကျော်ခန့်နှင့် ဘူတာရုံပေါင်း ၉၆၀ ရှိနေပြီဖြစ်ပါသည်။

ရှေးယခင်က နယ်ချဲ့အင်္ဂလိပ်တို့သည် မြန်မာနိုင်ငံကို ကိုလိုနီအဖြစ် ကျွန်ပြုအုပ်ချုပ်ခဲ့စဉ်က ၎င်းတို့၏ အကျိုးစီးပွားကို အထောက်အကူဖြစ်စေသည့် ရထားလမ်း၊ ကားလမ်းများကိုသာ ဦးစားပေးဖောက်လုပ်ခဲ့ကြောင်း သုံးသပ်တွေ့ရှိရပြီး နိုင်ငံတစ်ဝန်းလုံး မြေပြန့်၊ တောင်ပေါ် တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေးဟူသော ရည်ရွယ်ချက်ကောင်းများ မရှိခဲ့သည့်အတွက် ကိုလိုနီခေတ်နှင့် လွတ်လပ်ရေးရရှိပြီးနောက်ပိုင်းကာလတစ်လျှောက်လုံး နယ်မြေဒေသအများစုသည် လမ်းပန်းဆက်သွယ်မှုခက်ခဲ၍ ဖွံ့ဖြိုးမှုနောက်ကျခဲ့သည်ကို တွေ့ရှိရပါသည်။

မြန်မာ့မီးရထားအနေဖြင့် ဖြတ်သန်းခဲ့ရသည့် ၁၄၈ နှစ်ကြာခရီးရှည် တစ်လျှောက်တွင် ခေတ်၊ စနစ်များ အမျိုးမျိုးအဖုံဖုံပြောင်းလဲခဲ့သော်လည်း မြန်မာ့မီးရထားသည် ပြည်သူ့အကျိုးကို တစိုက်မတ်မတ် ဖော်ဆောင်ထမ်းရွက်ခဲ့ပြီး ယနေ့ထိတိုင် ဆက်လက်ရပ်တည်လျက် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်နေဆဲဖြစ်ပါသည်။ မြန်မာ့မီးရထား၏ အဓိကလုပ်ငန်းတာဝန်မှာ ခရီးသည်နှင့်ကုန်စည်များကို လုံခြုံချောမွေ့စွာ သယ်ယူပို့ဆောင်ပေးခြင်းဖြင့် နိုင်ငံတော်၏ ဘက်စုံ၊ ကဏ္ဍစုံမှ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုရန်ပင် ဖြစ်ပါသည်။ တစ်ချိန်တည်းတွင် လူ၊ ပစ္စည်း၊ ငွေကြေး စသည့်သယံဇာတများကို လေလွင့်ဆုံးရှုံးမှုမရှိစေဘဲ အကျိုးရှိစွာဖြင့် အထိရောက်ဆုံးအသုံးချနိုင်ရေး၊ ဈေးကွက်စီးပွားရေး မူဝါဒနှင့်အညီ ယှဉ်ပြိုင်ရသောအခြေအနေတွင် စီးပွားရေးဆန်ဆန် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊ နိုင်ငံတစ်ဝန်း ရထားလမ်းကွန်ရက်တစ်လျှောက် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်နိုင်မှုစွမ်းပကားမြှင့်တင်ရန်၊ လုံခြုံစိတ်ချစွာဖြင့် အချိန်တိုအတွင်း ခရီးသည်နှင့် ကုန်စည်အများအပြားကို လိုရာခရီးဆုံးအရောက် အထိရောက်ဆုံးသယ်ပို့နိုင်သည့် စွမ်းရည်မြင့်မားသော အဖွဲ့အစည်းဖြစ်လာစေရေးအတွက် ရည်မှန်းချက်တာဝန်များချမှတ်ထားရှိမှုနှင့်အတူ အဆိုပါ ရည်မှန်းချက်တာဝန်များ အောင်မြင်စွာအကောင်အထည်ဖော် စွမ်းဆောင်နိုင်ရေးကိုလည်း ရထားဝန်ထမ်းအားလုံးက ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ အစွမ်းကုန်ကြိုးပမ်းထမ်းဆောင်နေကြသည်ကိုလည်း မြင်တွေ့နေရပါသည်။

ပြည်သူလူထုကို ဝန်ဆောင်မှုပေးလျက်ရှိသော သယ်ယူပို့ဆောင်ရေးစနစ်တစ်ခုဖြစ်သည်နှင့်အညီ ခရီးသွားပြည်သူများအပေါ် ကောင်းမွန်ပြည့်စုံသည့် ဝန်ဆောင်မှုပေးနိုင်ရေးနှင့် ပါဆယ်ပစ္စည်းနှင့် ကုန်စည်အမျိုးမျိုးကို ရထားလမ်းတစ်လျှောက် ဒေသအသီးသီးသို့ ဈေးနှုန်းချိုသာစွာဖြင့် ဆောလျင်စွာ သယ်ပို့ပေးနိုင်ရေးတို့သည် ပဓာနကျသည့် ရည်မှန်းချက်တာဝန်တစ်ရပ်ဖြစ်ကြောင်းကို မြန်မာ့မီးရထားဝန်ထမ်းအားလုံးက နှလုံးသွင်းခံယူထားရှိကြပြီးလည်းဖြစ်ပါသည်။

### ဂုဏ်ပြုမှတ်တမ်းတင်

မြန်မာ့မီးရထားအနေဖြင့် နိုင်ငံအနှံ့အပြား ပြည်သူများ၏ ခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှု အဆင်ပြေချောမွေ့မြန်ဆန်စေရေး၊ ရထားလမ်းအခြေခံအဆောက်အအုံများ ပိုမိုကောင်းမွန်လာစေရေးတို့အတွက် တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသော်လည်း မသမာသူ၊ အကြမ်းဖက်သောင်းကျန်းသူများက နိုင်ငံတော်ပိုင် ရထားစက်ခေါင်းနှင့်တွဲများ၊ ခရီးသွားပြည်သူများနှင့် ကုန်စည်များ ထိခိုက်ပျက်စီးစေရေး ပြည်သူအများ ရထားဖြင့် ခရီးသွားလာမှု မပြုရဲအောင်ခြိမ်းခြောက်ခြင်း၊ ရန်ကုန်-မန္တလေးရထားလမ်းအဆင့်မြှင့်တင်ရေးလုပ်ငန်းများ အချိန်ပိုမိုကြန့်ကြာစေရန် ရည်ရွယ်၍ အဖျက်အမှောင့်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှစ၍ ယနေ့အချိန်ထိ မြန်မာ့မီးရထား၏ ရထားလမ်းကွန်ရက်တစ်ခုလုံးတွင် ရထားလမ်းနှင့် ရထားဘူတာနယ်မြေအတွင်း မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခံရခြင်း အကြိမ် ၈၀၊ ရထားတံတား/ သံလမ်းများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခံရခြင်း ၁၇၅ ကြိမ်၊ ဘူတာအဆောက်အအုံနှင့် ဝန်ထမ်းနေအိမ်များကို မီးရှို့ဖျက်ဆီးခံရခြင်း ၁၆ ကြိမ် ဖြစ်ပေါ်ခဲ့ရာ ရထားလမ်း/ တံတားများထိခိုက်ပျက်စီးခြင်း၊ ရထားစက်ခေါင်းနှင့်တွဲများ လမ်းချော်တိမ်းမှောက်မှုများကြုံတွေ့ခဲ့ရခြင်း၊ ရထားလမ်းပိုင်းပိတ်ဆို့မှုများကြောင့် ခရီးသွားပြည်သူများ၏ လူမှုစီးပွားဘဝ ထိခိုက်နစ်နာမှုကြုံတွေ့ခဲ့ကြရပါသည်။ ယင်းကဲ့သို့ ထိခိုက်ပျက်စီးခဲ့မှုများဖြစ်ပေါ်လာသည့် အခါတိုင်းတွင်လည်း မြန်မာ့မီးရထားမှ အရာထမ်း၊ အမှုထမ်းများက ဘေးအန္တရာယ်အခက်အခဲများကြားမှ ရထားလမ်းပိုင်းကို အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေး နေ့နေ့ညည တာဝန်ကျေပွန်စွာ ပြုပြင်မွမ်းမံခြင်း ဆောင်ရွက်ပေးနိုင်ခဲ့ကြသည်ကိုလည်း ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

### ကဏ္ဍအသီးသီးနှင့် ဆက်စပ်လျက်ရှိ

သယ်ယူပို့ဆောင်ရေးကဏ္ဍသည် ပြည်သူတစ်ဦးချင်း၏ စားဝတ်နေရေး၊ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးတို့နှင့် ဆက်စပ်နေသလို နိုင်ငံအတွင်းရှိ တိုင်းရင်းသားများအားလုံး စည်းလုံးညီညွတ်မှု ငြိမ်းချမ်းသာယာဝပြောမှုများအပါအဝင် ကဏ္ဍအသီးသီးနှင့် ဆက်စပ်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့် သယ်ယူပို့ဆောင်ရေးကဏ္ဍအားနည်းလျှင် လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးအပါအဝင် ကျန်ကဏ္ဍအားလုံး ထိခိုက်စေနိုင်ပြီး နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုကိုလည်း အဘက်ဘက်မှ အားနည်းသွားစေနိုင်ပါသည်။

ပြီးခဲ့သည့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း ရေဘေး၊ မြေငလျင်ဘေး စသည့် သဘာဝဘေးများဖြစ်ပေါ်မှုကြောင့် ရထားပြေးဆွဲရေးလုပ်ငန်းများအပေါ် ကြီးမားသည့်ထိခိုက်မှုများ ကြုံတွေ့ခဲ့ကြရသော်လည်း မြန်မာ့မီးရထားမှ ဝန်ထမ်းများ၏ စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကြောင့် ရထားများ အမြန်ဆုံး ပြန်လည်ပြေးဆွဲနိုင်ခဲ့မှုများကိုလည်း အသိအမှတ်ပြုတင်ပြလိုပါသည်။ ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၁၁ ရက်နေ့တွင်ဖြစ်ပေါ်ခဲ့သည့် တိုင်ဖွန်းမုန်တိုင်း "ရာဂီ"၏အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်းရှိ စမုံ-သပြေတောင်းဘူတာအကြား မြေသားတာပေါင်/ တံတားများ ကြီးမားစွာပျက်စီးခဲ့ရပါသည်။ အစုန်လမ်းတံတားပျက်စီးခဲ့မှုကြောင့် ဒွေးလမ်းစနစ်မှ ဧကလမ်းစနစ်သို့ပြောင်းလဲပြီး လမ်းပိုင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၃ ရက်နေ့တွင် ပြန်လည်ဖွင့်လှစ်နိုင်ခဲ့သည်ကို တွေ့ရပါသည်။ ထို့ပြင် မြစ်သား - မင်းစုဘူတာအကြား အစုန်/အဆန်ရထားလမ်း ထိခိုက်ပျက်စီးသွားခဲ့ခြင်းကိုလည်း လူအင်အား၊ ပစ္စည်းအင်အား၊ ထိရောက်သော ထောက်ပံ့ပို့ဆောင်ရေးအစီအစဉ်တို့ဖြင့် စနစ်တကျစီမံကြီးကြပ်ဆောင်ရွက်ခဲ့မှုများကြောင့် ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၂၁ ရက်နေ့မှစ၍ လူစီးအမြန်ရထားကို စတင်ပြေးဆွဲပေးနိုင်ခဲ့ပါသည်။ နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၂၉ ရက်နေ့တွင် အဆိုပါလုပ်ငန်းခွင်များအထိ လာရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခြင်း၊ ပံ့ပိုးဖြည့်ဆည်းပေးခြင်းများ ပြုလုပ်ခဲ့ပါသည်။ မြန်မာ့မီးရထားဝန်ထမ်းများ၏ စွမ်းစွမ်းတမံ အားထုတ်ကြိုးပမ်း ပြုပြင်ဆောင်ရွက်ခဲ့မှုများကြောင့် ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၂ ရက်နေ့တွင် သဲတော-သပြေတောင်းအကြား အဆန်လမ်းကို ပြန်လည်ဖွင့်လှစ်နိုင်ခဲ့သဖြင့် ရန်ကုန်-မန္တလေး လမ်းပိုင်း ရထားခရီးစဉ်များကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၃ ရက်နေ့မှစတင်၍ ပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲပေးနိုင်ခဲ့သည်ကို တွေ့ရှိရပါသည်။

စာမျက်နှာ ၁၁ သို့ ❖

❀ မြန်မာ့မီးရထားအနေဖြင့် ဖြတ်သန်းခဲ့ရသည့် ၁၄၈ နှစ်ကြာခရီးရှည်တစ်လျှောက်တွင် ခေတ်၊ စနစ်များ အမျိုးမျိုးအဖုံဖုံပြောင်းလဲခဲ့သော်လည်း မြန်မာ့မီးရထားသည် ပြည်သူ့အကျိုးကို တစိုက်မတ်မတ်ဖော်ဆောင်ထမ်းရွက်ခဲ့ပြီး ယနေ့ထိတိုင် ဆက်လက်ရပ်တည်လျက် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်နေဆဲဖြစ်

❀ ပြည်သူလူထုကို ဝန်ဆောင်မှုပေးလျက်ရှိသော သယ်ယူပို့ဆောင်ရေးစနစ်တစ်ခုဖြစ်သည်နှင့်အညီ ခရီးသွားပြည်သူများအပေါ် ကောင်းမွန်ပြည့်စုံသည့် ဝန်ဆောင်မှုပေးနိုင်ရေးနှင့် ပါဆယ်ပစ္စည်းနှင့် ကုန်စည်အမျိုးမျိုးကို ရထားလမ်းတစ်လျှောက် ဒေသအသီးသီးသို့ ဈေးနှုန်းချိုသာစွာဖြင့် ဆောလျင်စွာ သယ်ပို့ပေးနိုင်ရေးတို့သည် ပဓာနကျသည့် ရည်မှန်းချက်တာဝန်တစ်ရပ်ဖြစ်ကြောင်းကို မြန်မာ့မီးရထားဝန်ထမ်းအားလုံးက နှလုံးသွင်းခံယူထား

❖ စာမျက်နှာ ၁၀ မှ

၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် လှုပ်ခတ်ခဲ့သည့် ပြင်းထန်မြေငလျင်ဒဏ်ကြောင့် ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းတစ်လျှောက်နှင့် အခြားလမ်းပိုင်းအချို့ရှိ စုစုပေါင်း ဘူတာ ၅၆ ရုံနှင့် ရထားသွားလာရေးလုပ်ငန်းဆောင်ရွက်သည့် ဆက်စပ်အဆောက်အအုံ ခြောက်လုံး ပြိုကျပျက်စီးခြင်း၊ ရထားလမ်းမြေသားတာပေါင် ကွဲအက်မှုများဖြစ်ပေါ်ခြင်း၊ သံလမ်းများ တွန့်လိမ်ပျက်စီးမှု ၉၄ နေရာ ဖြစ်ပေါ်ခြင်းနှင့် အဓိက ရေးပေါင်းတံတားကြီးဖြစ်သည့် စစ်ကိုင်းတံတားကြီးအပါအဝင် ရထားတံတား ၁၁ စင်းတို့ ထိခိုက်ပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့ရပါသည်။

မြေငလျင်ဒဏ်ကြောင့် ဝန်ထမ်းနေအိမ်အချို့ ပြိုကျပျက်စီးပြီး ဝန်ထမ်းနှင့်မိသားစုဝင်အချို့ သေဆုံး/ထိခိုက်ဒဏ်ရာရမှုများ ဖြစ်ပေါ်ခဲ့ရသည့်ကြားမှပင် မြန်မာ့မီးရထားမှ ဝန်ထမ်းများသည် ဉာဏ်မျှကြီးမားစွာ ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့ရသည့် ရထားလမ်းနှင့် တံတားများကို ယင်းတို့၏ လူအင်အား၊ စက်ယန္တရားအင်အား၊ ထိရောက်သော ထောက်ပံ့ပို့ဆောင်မှုများ အသုံးပြု၍ အမြန်ဆုံးပြုပြင်ဆောင်ရွက် သွားနိုင်ခဲ့ကြသည်ကိုလည်း တွေ့ရှိရပါသည်။ ရက်သတ္တပတ်အတွင်း ရထားလမ်းပိုင်းများကို အမြန်ဆုံးပြုပြင် ဆောင်ရွက်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဧပြီလ ၅ ရက်နေ့မှ စတင်ကာ ရန်ကုန် – မန္တလေး လူစီးရထားခရီးစဉ်များကို ပုံမှန်ပြန်လည် ပြေးဆွဲပေးနိုင်ခဲ့ခြင်းများအပေါ် မှတ်တမ်းတင်ဂုဏ်ပြုလိုက်ရပါသည်။



မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် ငလျင်ဘေးဒဏ်ကြောင့် ပျက်စီးခဲ့သည့် ရထားလမ်းပိုင်းများကို အမြန်ဆုံးပြန်လည်ပြုပြင်ဆောင်ရွက်ခဲ့ရာ ဧပြီ ၅ ရက်မှ စတင်၍ ရန်ကုန် – မန္တလေး လူစီးရထားခရီးစဉ်များ ပုံမှန်ပြန်လည် ပြေးဆွဲနိုင်ခဲ့သည်။

**ဂုဏ်ထူးဆောင်တံဆိပ်နှင့် ချီးမြှင့်ငွေများပေးအပ်**

နိုင်ငံတော်အနေဖြင့်လည်း ထူးချွန်စွာတာဝန်ထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့ဝန်ထမ်းများကို စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်နှင့် ချီးမြှင့်ငွေများ ပေးအပ်လျက်ရှိရာ မြန်မာ့မီးရထားမှ ဝန်ထမ်းများအနေဖြင့် ၁၉၈၉ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိ စက်မှုစီးပွားထူးချွန်တံဆိပ် ပထမအဆင့် တစ်ဦး၊ ဒုတိယအဆင့် ကိုးဦး၊ တတိယအဆင့် ၂၈ ဦး၊ စီမံထူးချွန်တံဆိပ် ပထမအဆင့် ၁၁ ဦး၊ ဒုတိယအဆင့် သုံးဦး၊ တတိယအဆင့် ခုနစ်ဦး၊ လူမှုထူးချွန်တံဆိပ် ပထမအဆင့် ၁၂ ဦး၊ ဒုတိယအဆင့် ၂၃ ဦး၊ တတိယအဆင့် ၇၅ ဦး၊ ရဲဗလတံဆိပ် ရှစ်ဦးနှင့် ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်ချီးမြှင့်ခံရသူ အရာထမ်း/အမှုထမ်း စုစုပေါင်း ၄၇၅၉ ဦး ရှိခဲ့ပါကြောင်း မှတ်တမ်းများအရ ဂုဏ်ယူဖွယ်တွေ့ရှိရပါသည်။

**သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် မရှိမဖြစ်လိုအပ်**

အချုပ်အားဖြင့် ရထားပို့ဆောင်ရေးလုပ်ငန်းသည် နိုင်ငံတစ်ဝန်းလုံး၏ သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် မရှိမဖြစ်လိုအပ်သည်ဖြစ်ရာ မြန်မာ့မီးရထားမှ ဝန်ထမ်းများအနေဖြင့် ရထားပြေးဆွဲမှုလုပ်ငန်းတွင် အဓိကကျသည့် လုံခြုံစိတ်ချရမှု၊ အချိန်မှန်ကန်မှု၊ ခရီးသွားပြည်သူများ စိတ်ချမ်းမြေ့စွာ ခရီးသွားလာနိုင်မှု စသည့်အချက်များကို အထူးအလေးထားပြီး ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဆတက်ထမ်းပိုး ကြိုးပမ်းစွမ်းဆောင်သွားကြစေလိုပါကြောင်းနှင့် ခေတ်စနစ်နှင့်အညီ ခေတ်မီတိုးတက်ပြောင်းလဲလာသည့် ရထားလုပ်ငန်းများကိုလည်း မျက်ခြည်မပြတ်လေ့လာ၍ ရထားပို့ဆောင်ရေးလုပ်ငန်းဖြင့် မိဘပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ အစွမ်းကုန်ကြိုးပမ်းထမ်းဆောင်လျက် မြန်မာ့မီးရထားဂုဏ်၊ နိုင်ငံ့ဂုဏ်ကို ဆက်လက်ထိန်းသိမ်းမြှင့်တင်နိုင်ကြပါစေကြောင်း ဆန္ဒပြုရင်း **၂၀၂၅ ခုနှစ် မေလ ၁ ရက်နေ့တွင် ကျရောက်ခဲ့သော မြန်မာ့မီးရထား၏ (၁၄၈)နှစ်မြောက် နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုအပ်ပါသည်။** ။

**❝မြေငလျင် ဒဏ်ကြောင့် ဝန်ထမ်းနေအိမ်အချို့ ပြိုကျပျက်စီးပြီး ဝန်ထမ်းနှင့် မိသားစုဝင်အချို့ သေဆုံး/ထိခိုက်ဒဏ်ရာရမှုများ ဖြစ်ပေါ်ခဲ့ရသည့်ကြားမှပင် မြန်မာ့မီးရထားမှ ဝန်ထမ်းများသည် ဉာဏ်မျှကြီးမားစွာ ထိခိုက်ပျက်စီးမှု ဖြစ်ပေါ်ခဲ့ရသည့် ရထားလမ်းနှင့် တံတားများကို ယင်းတို့၏ လူအင်အား၊ စက်ယန္တရားအင်အား၊ ထိရောက်သော ထောက်ပံ့ပို့ဆောင်မှုများ အသုံးပြု၍ အမြန်ဆုံးပြုပြင် ဆောင်ရွက်သွားနိုင်ခဲ့ကြ❞**

❃ စာမျက်နှာ ၉ မှ

ယင်းနောက် မဟာအောင်မြေမြို့နယ်ရှိ ဝိဇ္ဇာလင်္ကာရကျောင်းတိုက်သို့သွားရောက်၍ ကျောင်းတိုက်အတွင်းရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အအုံများနှင့် မန္တလေးမြို့ မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ငလျင်ဒဏ်ထိခိုက်ခဲ့သည့် ဝန်ထမ်းအိမ်ရာ အဆောက်အအုံများအား အသိအမှတ်ပြုလက်မှတ်ရ အင်ဂျင်နီယာ(PE) အဖွဲ့များက (SOP)အတိုင်း လိုက်လံစစ်ဆေးနေမှု၊ ပျက်စီးမှုအဆင့်အတန်းအလိုက် POST EARTHQUAKE ASSESSMENT သတ်မှတ်၍ ခွဲခြားထားသည့်အရောင်များအတိုင်း အဆင့်သတ်မှတ်မှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား အဆောက်အအုံပျက်စီးမှုများကို အကဲဖြတ်ခြင်းဆောင်ရွက်ရာတွင် စနစ်တကျရှိစေရေး ရပ်ကွက်/မြို့နယ်အလိုက် လုပ်ငန်းတာဝန်များခွဲခြားပြီး အကဲဖြတ်ခြင်းဆောင်ရွက်မှု လုပ်ငန်းများကို ပိုမိုမြန်ဆန်စွာပြီးမြောက်စေရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန်မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ နန်းမြို့ရိုးပတ်လည်တွင် အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှု အခြေအနေများကိုလည်းကောင်း၊ မြို့ရိုးပတ်လည်ရှိ ပြကလေးပြာသာဒ်များတွင် မှန်ကင်းတိုင်များ တည့်မတ်ခြင်း၊ ထီးတော်တည့်မတ်ခြင်းလုပ်ငန်းများကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ တာဝန်ရှိသူများနှင့်ပူးပေါင်း၍ ရှေးမူမပျက် ပြန်လည်ထိန်းသိမ်းပြုပြင်နေမှုများကို လည်းကောင်း၊ အောင်မြေသာစံမြို့နယ်ရှိ ရတနာဂီရိဂူကြီးတိုက်၊ အမရပူရမြို့နယ်ရှိ ပဲ့ပါမင်းကျောင်းတိုက်၊ အဟာဝီယရံသီ ပုထိုးတော်ကြီးမြတ်စွာဘုရားနေရာများသို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် အပျက်အစီးများအား တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်းအဖွဲ့များ ပူးပေါင်း၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်နေမှုများကို လည်းကောင်း၊ ဘုရားစေတီပုထိုးများတွင် ရှေးမူမပျက် ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို လည်းကောင်း သွားရောက်ကြည့်ရှုအားပေးပြီး ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးတို့အတွက် တာဝန်ရှိသူများအား မှာကြား၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်သည် ကျောက်ဆည်မြို့ နန်းဦးဘုရား၌ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပရဟိတအဖွဲ့များစုပေါင်း၍ ငလျင်ဒဏ်ကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သော နန်းဦးဘုရားစေတီတော်အား ထပ်မံပြိုပျက်မှုမဖြစ်စေရေးအတွက် စတီးသံပတ်ကြိုးပတ်ခြင်း၊ အက်ကွဲသွားသောနေရာများမှ မိုးရေဝင်ရောက်၍ ပျက်စီးမှုများ ထပ်မံမဖြစ်ပေါ်စေရေးအတွက် ပလတ်စတစ်စများဖြင့်ပတ်၍ မိုးရေလုံအောင်ပြုလုပ်ခြင်း စသည့် စေတီတော်ကြံ့ခိုင်မှုထိန်းသိမ်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ကျောက်ဆည်မြို့ မြင်းစိုင်းရပ်ကွက်ရှိ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံး ငလျင်ဒဏ်ကြောင့် ပျက်စီးမှုများအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ယာယီရုံးပြောင်းရွှေ့ဖွင့်လှစ်နိုင်မည့်နေရာနှင့် ဝန်ထမ်းလိုင်းခန်းပြောင်းရွှေ့မည့်နေရာများ စီစဉ်ပေးခဲ့ကာ အဆောက်အအုံ ပျက်စီးဆုံးရှုံးမှုများကို သက်ဆိုင်ရာဝန်ကြီးဌာနသို့ တင်ပြသွားရန်၊ ယာယီရုံးဖွင့်လှစ်မည့်နေရာသို့ ဌာနပိုင်ပစ္စည်းများ အမြန်ရွှေ့ပြောင်းနိုင်ရေး ဆောင်ရွက်သွားရန်နှင့် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ကျောက်ဆည်မြို့ ဈေးတန်းရပ်ကွက်ရှိ နေထိုင်ရန်မသင့်သော အန္တရာယ်ရှိအဆောက်အအုံ သုံးလုံးအား စက်ယန္တရားဖြင့် ရှင်းလင်းဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ လုပ်ငန်းခွင်အန္တရာယ်မရှိစေရေး၊ ယာဉ်ကြောပိတ်ဆို့မှုမဖြစ်စေရေး စနစ်တကျပြုလုပ်ဆောင်ရွက်သွားရန် မှာကြားခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ကျောက်ဆည်ခရိုင်အတွင်း ငလျင်ဒဏ်သင့်အဆောက်အအုံများအား SOP စနစ်ဖြင့် ဘုတ်အဖွဲ့များ ဖွဲ့စည်းစစ်ဆေးခဲ့ရာ ယနေ့အထိ အဆောက်အအုံ ၅၃၃၅ လုံးအား စစ်ဆေးခြင်းဆောင်ရွက်ခဲ့ပြီး ပြန်လည်ပြုပြင်နေထိုင်နိုင်မည့် အဆောက်အအုံ ၅၀၅၆ လုံး၊ ဦးစားပေးဖြိုဖျက်ရှင်းလင်းရမည့် အန္တရာယ်ရှိအဆောက်အအုံ ၂၇၉ လုံးမှ အဆောက်အအုံ ၂၁၂ လုံးအား ရှင်းလင်းဆောင်ရွက်နိုင်ခဲ့ပြီး ဆောင်ရွက်ရန်ကျန် အဆောက်အအုံ ၆၇ လုံးရှိကြောင်း သိရသည်။

ဆက်လက်၍ ကျောက်ဆည်မြို့ အေးမြကြည်လင်ရပ်ကွက်ရှိ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းသို့သွားရောက်၍ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုရန်အတွက် ကျောင်းသား ကျောင်းသူများအား တက္ကသိုလ်အသီးသီးမှ ဆရာ ဆရာမများက သင်ခန်းစာများ ပြန်လည်သင်ကြားလေ့ကျင့်ပေးနေမှု အခြေအနေများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၏ စားသောက်ရေး အဆင်ပြေစေရေးအတွက် နိုင်ငံတော်မှ စီစဉ်ထောက်ပံ့ပေးနေမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးခဲ့ပြီး ဆရာ ဆရာမများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ယင်းနောက် ရွှေပေါက်ပင်ဘုန်းတော်ကြီးကျောင်း၌ အန္တရာယ်ရှိအဆောက်အအုံအား ဌာနဆိုင်ရာ တာဝန်ခံများ၊ SOP ဘုတ်အဖွဲ့များနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

# ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် သနပ်ပင်မြို့နယ်အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းဆောင်ရွက်



သနပ်ပင် မေ ၂

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းက သနပ်ပင်မြို့နယ်အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် သနပ်ပင်မြို့နယ် အောက်စုကွင်း၌ တစ်ကွင်းတစ်ဆက်တည်းဧက ၅၀ နွေစပါးနှစ်သီးစိုက်မှ ဒုတိယသီးနှံနွေစပါးဆိုလာစနစ်ဖြင့် ရေသွင်းစိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။ သနပ်ပင်ဒေသသည် ရေကြီးရေနက်ကွင်းများဖြစ်၍ မိရိုးဖလာနွေစပါးတစ်သီးသာ စိုက်ပျိုးခဲ့ရာမှ ယခုအခါ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ကြိုတင်ပျိုးထောင်စနစ်အသုံးပြုကာ နွေစပါးနှစ်သီး စိုက်ပျိုးနိုင်ခဲ့ပြီဖြစ်၍ အခြားဒေသမှ တောင်သူများကိုလည်း ခေါ်ယူပြသ အသိပညာပေးပြီး သီးထပ်စွမ်းအားတိုးတက်အောင်ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့သည်။ ယင်းနောက် နွေစပါးနှစ်သီးစိုက်တောင်သူများနှင့်တွေ့ဆုံ၍ သွင်းအားစုများ ချီးမြှင့်ပေးအပ်ခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် သနပ်ပင်မြို့ ဘူတာပိုင်းရပ်ကွက် မြရတနာလမ်းပေါ်ရှိ ဦးအောင်ရွှေ၏ ဆီစက်၊ ဆန်စက်နှင့် ဆန်အခြောက်ခံစက်ရုံသို့ သွားရောက်ကြည့်ရှုအားပေးပြီး ဆီစက်မှ ထွက်ရှိလာသည့် မြေပဲဖတ်များကို တိရစ္ဆာန်အစာ ထုတ်လုပ်ရောင်းချသွားရန်၊ မြေပဲ၊ ပဲတီစိမ်းနှင့် မတ်ပဲတို့မှ ထွက်ရှိလာသည့် ပဲမှော်များကို သဘာဝမြေသြဇာထုတ်လုပ်သွားရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် သနပ်ပင်မြို့ရှိ "ထက်ကိုကို" ပန်းပဲနှင့် လယ်ယာသုံးပစ္စည်းအရောင်းဆိုင်သို့ သွားရောက်၍ လယ်ယာသုံးပစ္စည်းမျိုးစုံထုတ်လုပ်နေမှုကိုကြည့်ရှုအားပေးပြီး မိရိုးဖလာထုတ်လုပ်သည့် လယ်ယာသုံးပစ္စည်းများအပြင် ခေတ်မီစက်ကိရိယာများ တပ်ဆင်အသုံးပြုနိုင်သည့် လယ်ယာသုံးပစ္စည်းများ ဆန်းသစ်တိုးချဲ့ထုတ်လုပ်နိုင်ရေးနည်းပညာနှင့် ဈေးငွေရရှိရေး၊ ပြည်တွင်းဈေးကွက်ချဲ့ထွင်နိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်း တပ်ကုန်းမြို့နယ် သီးနှံအာမခံလျော်ကြေးငွေပေးအပ်ပွဲတက်ရောက်



တပ်ကုန်း မေ ၂

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်း ရေကြီးနစ်မြုပ်သည့် ရပ်ကွက်/ကျေးရွာအုပ်စုများရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ငွေထုတ်ချေးထားသော တောင်သူများအား ရာသီဥတုအညွှန်းကိန်း သီးနှံအာမခံလျော်ကြေးပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

## ရှင်းလင်းပြောကြား

အဆိုပါအခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းက တပ်ကုန်းမြို့နယ်ရေဘေးအန္တရာယ်ခံခဲ့ရသည်မှာ ခြောက်လပြည့်ပြီးနောက် မန္တလေးမြေလျှောင်ဘေးကြောင့် နွေစပါးစိုက်ခင်းများ ထိခိုက်ခဲ့ရကြောင်း၊ စိုက်ပျိုးရေးတောင်သူများ သီးနှံအာမခံလုပ်ငန်းများ ဆောင်ရွက်ထားရှိရေးနှင့် မိုးလေဝသသတင်းများကို စဉ်ဆက်မပြတ် သတိထားရှိရေး၊ သီးနှံစိုက်ခင်းများတွင် သွင်းအားစုများ အသုံးပြုရေးနှင့် ပန်းတိုင်အထွက်နှုန်းပြည့်မီရေး ရှင်းလင်းမှာကြားသည်။ ထို့နောက်ပြည်ထောင်စုနယ်မြေနေပြည်တော်မြန်မာ့အာမခံလုပ်ငန်းတိုင်းတာဝန်ခံ ဒေါ်ချောစုမြတ်သန္တာလွင်က ရာသီဥတုအညွှန်းကိန်း သီးနှံအာမခံနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ယင်းနောက် နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများက တောင်သူများအား သီးနှံအာမခံလျော်ကြေးငွေများပေးအပ်ခဲ့သည်။

တပ်ကုန်းမြို့နယ်တွင် မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲအနေဖြင့် ၂၀၂၄ ခုနှစ် မိုးသီးနှံစိုက်ပျိုးစရိတ်ထုတ်ချေးချိန်တွင် မိုးစပါးစိုက်ပျိုးသည့်တောင်သူများက သီးနှံအာမခံထားရှိခဲ့သဖြင့် သီးနှံအာမခံထားရှိခဲ့သည့် ရပ်ကွက်/ ကျေးရွာအုပ်စု ၅၁ အုပ်စုအနက်မှ ရေကြီးနစ်မြုပ်ခဲ့သော ရပ်ကွက်/ကျေးရွာအုပ်စု ၂၀ မှ တောင်သူ ၂၁၄၁ ဦး၊ လယ်ယာမြေ ၈၉၅၂ ဧကအတွက် တစ်ဧကလျှင် သီးနှံလျော်ကြေးငွေကျပ် ၄၅၀၀၀ နှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၄၀၂၈၄၀၀၀၀ ကို လျော်ကြေးငွေ ပေးအပ်ခဲ့သည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းနှင့်တာဝန်ရှိသူများက မိုးရာသီသစ်ပင်စိုက်ပျိုးပွဲဆောင်ရွက်နိုင်ရေး မြို့နယ်သစ်တောဦးစီးဌာနတွင် စိုက်ပျိုးထားသည့် ပျိုးဥယျာဉ်များကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

တင်စိုးလွင်

# နေပြည်တော်အတွင်း ငါးကြင်း၊ ငါးတန်၊ ငါးမုတ်များကို သက်သာသောဈေးနှုန်းများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိ

နေပြည်တော် မေ ၂

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်မှုဖြင့် ငါးကြင်း၊ ငါးတန်၊ ငါးမုတ်များကို ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ငလျင်ဒဏ်သင့် ဝန်ထမ်းနှင့် ပြည်သူများသို့ ၂၀၂၅ ခုနှစ် ဧပြီ ၂၅ ရက်မှစ၍ အိမ်တိုင်ရာရောက် သွားရောက်ကာ သက်သာသောဈေးနှုန်းဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။



ထိုသို့ လှည့်လည်ရောင်းချရာတွင် နေပြည်တော်အတွင်း ဈေးကားတစ်စီးဖြင့် နေပြည်တော်ကောင်စီဝင်းအတွင်းရှိ တိုင်းဒေသကြီး၊ ခရိုင်အဆင့် ဌာနဆိုင်ရာများရှိ ဝန်ထမ်းများသို့ ငါးကြင်း ပိဿာ ၉၀၊ ငါးတန် ပိဿာ ၉၀၊ ငါးမုတ် ပိဿာ ၇၀ တို့ကို သက်သာသောဈေးနှုန်းများဖြင့် လှည့်လည်ရောင်းချပေးခဲ့ကြောင်းနှင့် အပတ်စဉ်သောကြာနေ့တိုင်း ဆက်လက်ရောင်းချပေးသွားမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ချောင်းဦးမြို့နယ်ရှိ နွေစပါးစိုက်ခင်းအတွင်း ဥကပ်ပါးနဂျီလွှတ်ခြင်းဆောင်ရွက်

ချောင်းဦး မေ ၂

စစ်ကိုင်း တိုင်းဒေသကြီး ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ချောင်းဦးမြို့နယ်အတွင်း နွေစပါးစိုက်ပျိုးထားသော ရွှေကူကျေးရွာအုပ်စု အပါအဝင် ကျေးရွာအုပ်စု သုံးအုပ်စု၏ နွေစပါး ဧက ၂၀ ၌ ဧပြီ ၂၈ ရက်နှင့် မေ ၁ ရက်တို့တွင် ဥကပ်ပါးနဂျီလွှတ်ခြင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဥကပ်ပါး နဂျီလွှတ်ခြင်းဖြင့် စိုက်ခင်းအတွင်းရှိ ဖျက်ပိုးများကို နှိမ်နင်းနိုင်ပြီး ဓာတုဗေဒပိုးသတ်ဆေးများ သုံးစွဲခြင်းကို လျှော့ချစေနိုင်ကြောင်း၊ တောင်သူများအနေဖြင့် တစ်ဧက ကုန်ကျစရိတ်လျှော့ကျစေပြီး အထွက်နှုန်းတိုးတက်၍ ဝင်ငွေနှင့် အမြတ်ငွေများ ပိုမိုရရှိစေနိုင်ကြောင်း၊ ထို့အပြင် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုကိုလည်း လျော့နည်းစေကြောင်း မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေထံမှ သိရသည်။



ချောင်းဦးမြို့နယ်တွင် ယခုနှစ် နွေစပါး ၂၂၆ ဧက၊ နွေနှမ်း ၁၉၄၇ ဧက၊ မိုးကြိုဝါ ၃၅ ဧကနှင့် မိုးကြိုပဲတီစိမ်း ၆၇၈၃ ဧက စိုက်ပျိုးထားကြောင်း၊ စိုက်ပျိုးရေးဦးစီးဌာနက သီးနှံများ အထွက်နှုန်းတိုးတက်ရေးအတွက် လိုအပ်သော မျိုး၊ ဓာတ်မြေသြဇာနှင့် အပင်အားဆေးများ တောင်သူများ အလွယ်တကူရရှိအောင် ဆောင်ရွက်ပေးနေကြောင်း သိရသည်။ ဝင်းမြင့်အောင်(ပြန်ဆက်)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ အုပ်ချုပ်မှုအစီအစဉ်နှင့်ပတ်သက်၍ ပြည်သူထောင်ပေါင်းများစွာ ဆန္ဒထုတ်ဖော်



ဝါရှင်တန် မေ ၂

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ အုပ်ချုပ်မှုအစီအစဉ်နှင့်ပတ်သက်၍ မေ ၁ ရက်တွင် နယူးယောက်မြို့၌ ပြည်သူထောင်ပေါင်းများစွာက စုဝေးဆန္ဒထုတ်ဖော်ခဲ့ကြောင်း သိရသည်။

နိုင်ငံ၏ တရားဥပဒေစိုးမိုးရေးနှင့် ဒီမိုကရေစီစံနှုန်းများအပေါ် ခြိမ်းခြောက်မှုခံနေရခြင်းကို စိုးရိမ်မိပါကြောင်း ဆန္ဒပြသူများက ထုတ်ဖော်ပြောကြားသည်။

အလုပ်သမားသမဂ္ဂများနှင့် အခြားသောအဖွဲ့အစည်းများလည်း ဆန္ဒထုတ်ဖော်မှုတွင် ပါဝင်ကြောင်း သိရသည်။

သမ္မတ ရာထူးတာဝန်ထမ်းဆောင်သည့်အချိန်မှစပြီး အမိန့် ၁၄၀ ကျော်ကို လက်မှတ်ရေးထိုးခဲ့သည့် သမ္မတ ဒေါ်နယ်ထရမ့်၏ နိုင်ငံရေးပုံစံကို ဆန္ဒထုတ်ဖော်သူများက ဝေဖန်ခဲ့ကြသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေကို လိုက်နာခြင်းမရှိသည့်အပြင် တရားရုံးချုပ်နှင့် တခြားသောတရားရုံးများကိုလည်း လျစ်လျူရှုနေခြင်းအပေါ် စိုးရိမ်မိကြောင်း ဆန္ဒထုတ်ဖော်သူတစ်ဦးက ပြောကြားသည်။

အလားတူ DOGE ဟုလူသိများသော အစိုးရစွမ်းဆောင်ရည်ဌာနကို ဦးဆောင်သည့် သန်းကြွယ်သူဌေး အီလွန်မတ်စ်ကိုလည်း ဆန္ဒထုတ်ဖော်သူများက ဝေဖန်ခဲ့သည်။

ဖက်ဒရယ်အလုပ်သမားများကို အစုလိုက်အပြုံလိုက် တာဝန်မှရပ်စဲမှုအပေါ် ဆန္ဒထုတ်ဖော်သည့် စာတန်းကို ကိုင်ဆောင်ထားသည့် အမျိုးသားတစ်ဦးက အီလွန်မတ်စ်သည် အလုပ်သမားများ၏ စနစ်ကို စနစ်တကျ ချိုးဖျက်နေကြောင်းနှင့် အလုပ်သမားတစ်ဦးစီတွင် ၎င်းတို့အား မှီခိုနေသည့် မိသားစုဝင်များနှင့် ကလေးငယ်များရှိကြောင်း ပြောကြားသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# ကမ္ဘာ့လေကြောင်းလိုင်းအများအပြားက ရေရှည်တည်တံ့သော လေကြောင်းလောင်စာဆီကို အသုံးပြုလျက်ရှိ




တိုကျို မေ ၂

ကမ္ဘာတစ်ဝန်းရှိ လေကြောင်းလိုင်းအများအပြားသည် ဂျပန်ဖက်စပ်ကုမ္ပဏီ Saffaire Sky Energy ၏ ပြည်တွင်းထုတ် ရေရှည်တည်တံ့သောလေကြောင်းလောင်စာဆီ (Sustainable Aviation Fuel (SAF)) ကို အသုံးပြုလျက်ရှိကြောင်း သိရသည်။

အဆိုပါကုမ္ပဏီသည် ကမ္ဘာ့လေကြောင်းလိုင်းများသို့ SAF လောင်စာဆီများကို စတင်ထောက်ပံ့ပေးလျက်ရှိသည်။

SAF လောင်စာဆီဖြန့်ဖြူးမှု စတင်ခြင်းအထိမ်းအမှတ် အခမ်းအနားကို ကန်ဆိုင်းအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ယမန်နေ့က ပြုလုပ်ခဲ့သည်။

ယင်းလောင်စာဆီကို ဂျပန်နိုင်ငံတစ်ဝန်းရှိ စားသောက်ဆိုင်များက စုဆောင်းထားသော စားသုံးဆီများမှ ထုတ်လုပ်ထားခြင်း ဖြစ်သည်။

အိုဆာကာ စီရင်စုရှိ ဆာကိုင်စီးတီးရှိ သန့်စင်စက်ရုံတွင် SAF လောင်စာဆီကို ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

တစ်နှစ်လျှင် လောင်စာဆီ ကီလိုလီတာ ၃၀၀၀၀ အထိ ထောက်ပံ့ပေးရန် စီစဉ်ထားသည်။

အဓိကလေကြောင်းလိုင်းများနှင့် အခြားအဖွဲ့အစည်းများသည် SAF လောင်စာဆီကို ပုံမှန်လေယာဉ် ဆီနှင့် ရောနှောကာ အသုံးပြုမည်ဖြစ်ကြောင်း သိရသည်။

ဥရောပသမဂ္ဂသည် ၎င်း၏ ကာဗွန်ဒိုင်အောက်ဆိုက် လျှော့ချရေးဆိုင်ရာ ကြိုးပမ်းမှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် ယခုနှစ်တွင် SAF လောင်စာဆီ တစ်စိတ်တစ်ပိုင်းအသုံးပြုမှုကို စတင်ခဲ့သည်။

စားသောက်ဆိုင်များကဲ့သို့သော စီးပွားရေးလုပ်ငန်းများမှ ရရှိသော စားသုံးဆီပမာဏသည် တစ်နှစ်လျှင် တန်ချိန် ၄၀၀၀၀၀ ခန့်ရှိကြောင်း ဂျပန်အစိုးရက ပြောကြားသည်။ ၉၀ ရာခိုင်နှုန်းကျော်ကို စုဆောင်းပြီး အဓိကအားဖြင့် မွေးမြူရေးအစာအဖြစ်နှင့် ဓာတုဗေဒပစ္စည်းများ ထုတ်လုပ်ရန် အသုံးပြုသည်။

လုပ်ငန်းများမှ အသုံးပြုပြီးသားဆီများ စုဆောင်းခြင်းနှင့် ပြန်လည်အသုံးပြုခြင်းလုပ်ငန်းစဉ်တွင် အိမ်ထောင်စုများ အပါအဝင် လုပ်ငန်းများမှ အသုံးပြုပြီးသားဆီများကို ပြန်လည်ရောင်းချခြင်းဖြင့် ကုန်ကျစရိတ်များကို ဖြတ်တောက်ပြီး ဝင်ငွေထောက်ပံ့မှုရရှိစေရန် မျှော်လင့်ကြောင်း လောင်စာဆီထုတ်လုပ်ရေး ကုမ္ပဏီတာဝန်ရှိသူများက ပြောကြားသည်။

ယခုနှစ်တွင် အဆိုပါ လောင်စာဆီအသုံးပြုမှုကို တစ်ရာခိုင်နှုန်း အသုံးပြုရန် မျှော်မှန်းထားပြီး ၂၀၃၀ ပြည့်နှစ်တွင် ၁၀ ရာခိုင်နှုန်း အသုံးပြုရန် မျှော်လင့်ပါကြောင်း ဂျပန်လေကြောင်းလိုင်း၏ အကြီးတန်းဒုတိယဥက္ကဋ္ဌ အိုဂါဝါ နိုရီကိုက ပြောကြားသည်။

Saffaire Sky Energy ကုမ္ပဏီသည် ဂျပန်အင်ဂျင်နီယာကုမ္ပဏီ JGC၊ လောင်စာဆီသန့်စင်ရေးကုမ္ပဏီ Cosmo Oil နှင့် ဇီဝဒီဇယ်ထုတ်လုပ်သည့်ကုမ္ပဏီ Revo International တို့၏ ဖက်စပ်လုပ်ငန်း တစ်ခုဖြစ်သည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# ဆီးရီးယားနိုင်ငံအတွင်း တိုက်ပွဲများ ဆက်တိုက်ဖြစ်ပွား လူပေါင်း ၁၀၀ ကျော် သေဆုံး

ဒမတ်စကတ် မေ ၂

ဆီးရီးယားနိုင်ငံအတွင်း တိုက်ပွဲများ ဆက်တိုက်ဖြစ်ပွားခဲ့ပြီး လူပေါင်း ၁၀၀ ကျော် သေဆုံးခဲ့ကြောင်း လူ့အခွင့်အရေးအခြေအနေ စောင့်ကြည့်ရေးအဖွဲ့တစ်ဖွဲ့က ယမန်နေ့တွင် ကြေညာချက်တစ်ရပ်ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ပြီးခဲ့တဲ့ ဒီဇင်ဘာလက သမ္မတ အာဆက် အစိုးရပြုတ်ကျပြီးနောက် ယာယီခေါင်းဆောင်များသည် ဆီးရီးယားနိုင်ငံကို အုပ်ချုပ်လျက်ရှိသည်။

ယခုသီတင်းပတ် အစောပိုင်းတွင် မြို့တော် ဒမတ်စကတ်အနီး၌ တိုက်ပွဲများ ပြင်းထန်စွာ ဖြစ်ပွားပြီးနောက် တိုက်ပွဲများသည် အခြားဒေသများသို့ ပျံ့နှံ့သွားခဲ့သည်။

တိုက်ပွဲများတွင် လူနည်းစု Druze အသိုက်အဝန်းမှ လက်နက်ကိုင်အဖွဲ့များနှင့် ဆွန်နီမွတ်စလင်အများစုအပြင် ကြားဖြတ်အစိုးရ၏ တပ်ဖွဲ့ဝင်များလည်း ပါဝင်ကြောင်း သိရသည်။

ဒမတ်စကတ်မြို့ဆင်ခြေဖုံး၌ စစ်ဆင်ရေးသမားများကို အစ္စရေးတပ်မတော်က တိုက်ခိုက်ခဲ့ကြောင်း ကုလသမဂ္ဂ၏ ဆီးရီးယားဆိုင်ရာ အထူးသံတမန် ဂျီရာပီဒါဆန်က ဧပြီ ၃၀ ရက်တွင် ကြေညာချက်ထုတ်ပြန်ခဲ့သည်။

နိုင်ငံအတွင်း နောက်ထပ်အခြေအနေများနှင့်ပတ်သက်ပြီး စိုးရိမ်မိပါကြောင်း အဆိုပါကြေညာချက်တွင် ဖော်ပြထားသည်။

ယင်းကဲ့သို့ တိုက်ခိုက်မှုများကို ရပ်တန့်ရမည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - အောင်ကျော်ကျော်**



# ထိုင်းနိုင်ငံ၏ ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေးအစီအစဉ်တွင် ဂျပန်နှင့် ထိုင်း နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မည်

ဗန်ကောက် မေ ၂

ထိုင်းနိုင်ငံ၏ စက်မှုကဏ္ဍတွင် ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေး အစီအစဉ်တစ်ရပ်တွင် ဂျပန်နှင့် ထိုင်း နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။



နိုင်ငံအတွင်းရှိ စက်ရုံများတွင် စွမ်းအင်ချွေတာရေးနည်းပညာကို စတင်အသုံးပြုရန် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မည်ဖြစ်သည်။

အဆိုပါ ပဏာမခြေလှမ်းသည် ဂျပန်နိုင်ငံမှ တည်ထောင်ထားသည့် အာရှတစ်ဝန်း ကာဗွန်ထုတ်လွှတ်မှု လျှော့ချရေးအသိုက်အဝန်း (Asia Zero Emission Community) ဟုခေါ်သော မူဘောင်တစ်ရပ်၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။

ယင်းသို့ ဆောင်ရွက်ခြင်းမှာ အရှေ့တောင်အာရှနိုင်ငံများနှင့် ပူးပေါင်း၍ ဒေသတွင်း၌ ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှုလျှော့ချရေးနှင့် စီးပွားရေးတိုးတက်မှုများ ရရှိစေရန် ရည်ရွယ်ခြင်းဖြစ်သည်။

ဧပြီ ၂၉ ရက်တွင် ဗန်ကောက်မြို့တော်၌ကျင်းပသည့် ထိုင်းနိုင်ငံ၏ ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေး အရှိန်မြှင့်ရန် ပူးပေါင်းဆောင်ရွက်မှု အခမ်းအနားသို့ နှစ်နိုင်ငံအစိုးရအရာရှိများတက်ရောက်ခဲ့သည်။

ဂျပန်ကား ထုတ်လုပ်ရေးစက်ရုံအများအပြားသည် ထိုင်းနိုင်ငံတွင် တည်ရှိကြောင်း သိရသည်။

အာရှတစ်ဝန်း ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေးအသိုက်အဝန်းမူဘောင်သည် သန့်ရှင်းလုံခြုံပြီး ရေရှည်တည်တံ့သည့် စွမ်းအင်များအပေါ် ပြောင်းလဲအသုံးပြုသည့် အနာဂတ်အတွက် အဓိကယန္တရားတစ်ခုဖြစ်မည်ဟု ယုံကြည်ပါကြောင်း ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ထို့ပြင် ထိုင်းစီးပွားရေးလုပ်ငန်းများကို အဆင့်မြင့်စွမ်းအင်ချွေတာရေးနည်းပညာများရှိသည့် ဂျပန်ကုမ္ပဏီများနှင့် ချိတ်ဆက်ပြီး ဆွေးနွေးပွဲတစ်ရပ်ကျင်းပရန်နှင့် ငွေကြေးအထောက်အပံ့ပေးရန်လည်း ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

## ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်းနေမှု ကြည့်ရှုအားပေး



ပုသိမ် မေ ၂

(၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းက ပုသိမ်မြို့ ပြည်သူ့ဆေးရုံကြီး အမျိုးသား သွေးလှူဘဏ်ခွဲတွင် ပြုလုပ်ခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုအားပေးခဲ့သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် အဖွဲ့သည် (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၏ စုပေါင်းသွေးလှူဒါန်းနေမှုများကို ကြည့်ရှုအားပေးခဲ့ပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့သည်။

အဆိုပါ သွေးလှူဒါန်းပွဲတွင် သန္ဓေ မီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၀ တို့ စုပေါင်းသွေးလှူဒါန်းခဲ့ကြသည်။

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကျက်သရေဆောင် ရေးဟောင်းသမိုင်းဝင် ရွှေမုဋ္ဌောစေတီတော်မြတ်ကြီး၏ ရင်ပြင်တော်တွင် ၂၀၂၅ ခုနှစ် ကဆုန်ညောင်ရေသွန်းလောင်း ပူဇော်ပွဲနှင့် ဆွမ်းဆန်တော်ဆက်ကပ်လှူဒါန်းပွဲအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ အစည်းအဝေးခန်းမ(၁)၌ ပြုလုပ်ခဲ့သည်။

**အမှာစကား ပြောကြား**

ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲနှင့် ဆွမ်းဆန်တော်ဆက်ကပ်လှူဒါန်းပွဲ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ညောင်ရေသွန်းပွဲနှင့် ဆွမ်းဆန်တော် လောင်းလှူပူဇော်ပွဲတွင် တိုင်းဒေသကြီးအတွင်းရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌ ဌာနဆိုင်ရာများ၊ အလှူရှင်များဖြင့် ကျင်းပနေမှုများကိုလည်း စနစ်တကျ မှတ်တမ်းတင် ဆောင်ရွက်ရန်လိုကြောင်း၊ အခမ်းအနားကျင်းပမည့် စေတီတော်မြတ်ကြီး၏ ရင်ပြင်တော်နှင့် စောင်းတန်းများ သန့်ရှင်းသပ်ရပ်မှု ရှိစေရေး အလေးထားဆောင်ရွက်ရန် လိုကြောင်း၊ ၂၀၂၅ ခုနှစ် ကဆုန်ညောင်ရေ သွန်းလောင်းပူဇော်ပွဲနှင့် ဆွမ်းဆန်တော်ဆက်ကပ်လှူဒါန်းပွဲကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကော်မတီများအလိုက် ဝိုင်းဝန်းဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီတို့မှ တာဝန်ရှိသူများ၏ ဆွေးနွေးတင်ပြချက်များ အပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးပြီး ၂၀၂၅ ခုနှစ် ကဆုန်ညောင်ရေ သွန်းလောင်းပူဇော်ပွဲနှင့် ဆွမ်းဆန်တော် ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေး အတွက် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



## ထားဝယ်မြို့၌ ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်

ထားဝယ် မေ ၂

(၇၉)နှစ်မြောက်မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တနင်္သာရီတိုင်းဒေသကြီးမီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်လင်းထွန်း ဦးဆောင်၍ သန္ဓေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် တပ်ဖွဲ့မိသားစုဝင်များက ယနေ့နံနက်ပိုင်းက ထားဝယ်မြို့ ကျက်သရေဆောင်လောကမာရဇိန်ဘုရားကြီးဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်သည်။

ဆက်လက်၍ မီးသတ်စခန်းများအရှေ့တွင် "(၇၉) နှစ်မြောက်မီးသတ်တပ်ဖွဲ့နေ့" ဆိုင်းဘုတ်စိုက်ထူပေးခဲ့ပြီး ပြည်သူများအား မီးသတိပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## မကွေးမြို့၌ (၇၉)နှစ်မြောက်မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးနှင့် သွေးလှူဒါန်းခြင်းဆောင်ရွက်

မကွေး မေ ၂

မကွေးတိုင်းဒေသကြီး မကွေးမြို့၌ (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြု သောအားဖြင့် မကွေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ သန္ဓေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်အင်အား ၁၄၀ တို့က ဖန်ခါးမြေ ဘိုးဘွားရိပ်သာ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းနှင့် ဘိုးဘွားများအား အာဟာရဒါနကျွေးမွေးခြင်း၊ မကွေးပြည်သူ့ဆေးရုံကြီးတွင် စုပေါင်းသွေးလှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။




အဆိုပါစုပေါင်းသန့်ရှင်းရေးနှင့် သွေးလှူဒါန်းပွဲ အခမ်းအနားသို့ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်နှင့် တိုင်းဒေသကြီး ဝန်ကြီးများက တက်ရောက်အားပေးပြီး သွေးလှူဒါန်းကြသော သန္ဓေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များအား အားဖြည့်ရိက္ခာလေးမျိုးနှင့် ဂုဏ်ပြုထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဝင်းအိမွန်(ပြန်/ဆက်)**

## လျှင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် မေ ၂

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့်ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ ပြည်နယ် ခြောက်ခုတို့တွင် ယနေ့အထိ သေဆုံးသူ ၃၈၃၉ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၅ ဦးနှင့် ပျောက်ဆုံးသူ ၁၀၁ ဦး ရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်း ပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများကို ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၇၈၆ ဦး ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်းစေတနာရှင်အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၊ စေတနာရှင်အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ဆက်လက်ထောက်ပံ့လှူဒါန်းပေးလျက်ရှိရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ မေ ၁ ရက် ညနေ ၅ နာရီမှ ၂ ရက်နေ့ ညနေ ၅ နာရီအတွင်း International Organization For Migration (IOM) အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းနေထိုင်သူများအဖွဲ့က ထောက်ပံ့ပေးသည့် ကူညီကယ်ဆယ်ရေးပစ္စည်းများ၊ အိပ်ရာခင်း၊ ရွက်ဖျင်တဲ၊ Container ၂၀' စုစုပေါင်းတန်ချိန် (၂၃ ဒသမ ၂၁၁) တန်၊ World Health Organization (WHO) ကထောက်ပံ့ပေးသည့် Portable Toilets စုစုပေါင်းတန်ချိန် ၄ ဒသမ ၇၃၆ တန်နှင့် မလေးရှားနိုင်ငံ ဆီလန်ဂေါပြည်နယ်ရှိ KRI SAKTHI NYANAETHIRA KANIMADAM YOGI RAMSURATKUMAR SHIRAMAM and PERSATUAN RENGANUT DEVI SHRI KARUMARIAMMAN TEMPLE ကထောက်ပံ့ပေးသည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်၊ အဝတ်အထည်များ စုစုပေါင်းတန်ချိန် သုည ဒသမ ၄၉၁ တန် ရောက်ရှိခဲ့သည်။

အဆိုပါထောက်ပံ့ရေးပစ္စည်းများကိုလည်း ဘေးသင့်ပြည်သူများလက်ဝယ်အရောက် အမြန်ဆုံးခွဲဝေထောက်ပံ့လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ရမည်းသင်းမြို့နယ် ကျေးရွာတချို့တွင် မိုးဦးသီးနှံစိုက်ပျိုးကြပြီ

မန္တလေး မေ ၂

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်အတွင်းရှိ ကျေးရွာတချို့တွင် ဧပြီလအတွင်း ရွာသွန်းခဲ့သောမိုးရေကြောင့် မြေအစိုဓာတ်ရရှိသည်ဖြစ်၍ မိုးဦးသီးနှံမြေပဲနှင့် ပဲတီစိမ်းများ စိုက်ပျိုးကြပြီဟု သိရသည်။

ထိုသို့ မိုးဦးသီးနှံများ စိုက်ပျိုးရာတွင် မြေထွန်ယက်ခမှာ တစ်ဧကလျှင် လယ်ထွန်စက်ဖြင့် ထွန်ပါက ငွေကျပ် ၆၀၀၀၀ ပေးရသည်။ နွားဖြင့်ထွန်ပါက နွားထွန်တစ်ရှဉ်းလျှင် ငွေကျပ် ၂၀၀၀၀ ပေးရပြီး တစ်ဧကလျှင် နွားထွန် သုံးရှဉ်းငှားထွန်ယက်မှသာ ပြီးစီးနိုင်သည်။ ယခုအခါ တောင်သူအများ မိုးဦးသီးနှံ စိုက်ပျိုးရန် လုပ်ငန်းခွင်ဝင်ရောက်ကြသည်ဖြစ်၍ အချိန်နှင့် တစ်ပြေးညီပြီးစီးနိုင်ရန် စက်များငှား၍ ထွန်ယက်ကြသည်။ ပဲစိုက် နေ့စားတစ်ဦးလျှင် နေ့စားခငွေကျပ် ၅၀၀၀ ပေးရပြီး တောင်သူများ စိုက်ပျိုးရာသီဖြစ်၍ နေ့စားအလုပ်သမားများလည်း အလုပ်အကိုင်အခွင့်အလမ်းရှိကာ ဝင်ငွေရကြသည်။

ယခုနှစ်တွင် မိုးဦးသီးနှံစိုက်ပျိုးကြရာတွင် အများအားဖြင့် ဆီထွက်သီးနှံမြေပဲကို အများဆုံးစိုက်ပျိုးကြကြောင်း သိရသည်။

**လှိုင်သန်းတင့်(ရမည်းသင်း)**



# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ကဆုန်ညောင်ရေသွန်းပွဲကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်



ထားဝယ် မေ ၂

တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပမည့် (၈၃)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းပွဲ အခမ်းအနားကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီခွဲတွင် ထားဝယ်မြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက နှစ်စဉ်နှစ်တိုင်းကျင်းပလျက်ရှိသည့် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲ အခမ်းအနားကို စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေးအတွက် အစည်းအဝေး ခေါ်ယူခြင်းဖြစ်ကြောင်း၊ ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲကို နှစ်ပေါင်းများစွာပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း၊ ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် လစ်ဟာမှုမရှိစေရေးအတွက် ဌာနဆိုင်ရာပေါင်းစုံနှင့် ညှိနှိုင်းဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ကဆုန်ညောင်ရေသွန်းလောင်းပွဲတော်အောင်မြင်စွာကျင်းပနိုင်ရေး၊ စည်ကားသိုက်မြိုက်စွာနှင့် သန့်ရှင်းသန့်ရပ်စွာ ကျင်းပနိုင်ရေးအတွက် တက်ရောက်လာသူများ အနေဖြင့် ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးက ဆောင်ရွက်ရမည့်အစီအစဉ်များ၊ ကြိုတင်ပြင်ဆင်ရမည့်လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးပြီး ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဘုရားကြီးဂေါပကအဖွဲ့များက အခမ်းအနား ပြင်ဆင်ရေး၊ လုံခြုံရေး၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း၊ ရေရရှိရေး၊ စတုဒိသာများ ဧည့်ခံကျွေးမွေးရေး၊ ပြည်သူများ ပူးပေါင်းပါဝင်လာစေရေး စသည့်တို့ကို ဆွေးနွေးတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးများက ဖြည့်စွက်ဆွေးနွေးကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မွန်ပြည်နယ်ဝန်ကြီးချုပ် အခြေခံစားသောက်ကုန်ပစ္စည်းများ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးနေမှုများ ကြည့်ရှုအားပေး



မော်လမြိုင် မေ ၂

မွန်ပြည်နယ်အစိုးရအဖွဲ့၏ စီမံဆောင်ရွက်မှုဖြင့် စည်ပင်သာယာရေးအဖွဲ့၊ စားသုံးသူရေးရာ ဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ မုန့်လုပ်ငန်းရှင်များ အသင်း၊ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းပြီး အများပြည်သူများအတွက် စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးလျက်ရှိရာ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် မော်လမြိုင် တက္ကသိုလ်၌ ကိုယ်တိုင်စိုက်ပျိုး၊ ထုတ်လုပ်၊ မွေးမြူ ဖြန့်ဖြူးသူများနှင့် ဆန်စက်၊ ဆီစက်လုပ်ငန်းရှင်များ၊ ကုန်သည်များက ဆန်၊ စားသုံးဆီ၊ အသား၊ ငါး၊ ကြက်ဥ၊ ဟင်းသီး ဟင်းရွက်များကို သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးနေခဲ့မှုအပေါ် ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ကုန်ထုတ်လုပ်သူများအနေဖြင့် အခြေခံစားကုန်များကို လုံလောက်စွာ ထုတ်လုပ်ရန်နှင့် အများပြည်သူများအတွက် လျှော့ပေါ့သက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးနေမှုအပေါ် အထူးပင် ကျေးဇူးတင်ပါကြောင်း ပြောကြားကာ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က အခြေခံစားသောက်ကုန်ပစ္စည်းများကို လာရောက်ဝယ်ယူနေကြမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

**ကြည့်ရှုအားပေး**

အလားတူ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့ ပညာရေးဒီဂရီကောလိပ် (မော်လမြိုင်)၌ အခြေခံစားသောက်ကုန် ပစ္စည်းများကို ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် အဆောင်နေ ဆရာအတတ်သင် သင်တန်းသို့ တက်ရောက်လျက်ရှိကြသည့် ကျောင်းသား ကျောင်းသူများက ဆန်၊ ဆီ၊ သား၊ ငါး၊ ဟင်းသီးဟင်းရွက်များနှင့် အခြားစားသောက်ကုန်များကို ဈေးနှုန်းသက်သာစွာ လာရောက်ရောင်းချပေးနေမှုအပေါ် အေးချမ်းပျော်ရွှင်စွာဖြင့် ဝယ်ယူကြသူများအား ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃-၅-၂၀၂၅

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၈၈၅ | ၂၉၉၅ | ၂၉၆၅ | ၂၉၀၀ | ၃၀၀၅ | ၃၀၂၀ | ၃၀၃၅ | ၂၉၅၅ | ၄၅၀၅ | ၃၂၅၀ | ၂၉၇၀ | ၂၉၇၅ | ၃၀၄၅ | ၃၀၁၀ | ၃၀၃၀ | ၃၂၈၅ |
| 95 Ron | ၂၉၄၀ | ၃၀၅၅ | ၃၀၂၀ | ၂၉၅၅ | ၃၀၆၀ | ၃၀၇၅ | ၃၀၉၀ | ၃၀၁၀ | ၄၅၆၀ | ၃၃၀၅ | ၃၀၃၀ | ၃၀၃၀ | ၃၁၀၀ | ၃၀၆၅ | ၃၀၈၅ | ၃၃၄၅ |
| HSD (500 ppm) | ၂၄၇၀ | ၂၅၈၅ | ၂၅၅၀ | ၂၄၈၅ | ၂၅၉၀ | ၂၆၀၅ | ၂၆၂၅ | ၂၅၄၀ | - | ၂၈၃၅ | ၂၅၆၀ | ၂၅၆၀ | ၂၆၃၀ | ၂၅၉၅ | ၂၆၂၀ | ၂၈၇၅ |
| HSD (50 ppm) | ၃၀၅၅ | ၃၁၆၅ | ၃၁၃၀ | ၃၀၆၅ | ၃၁၇၀ | ၃၁၉၀ | ၃၂၀၅ | ၃၁၂၅ | ၄၈၃၀ | ၃၄၁၅ | ၃၁၄၀ | ၃၁၄၀ | ၃၂၁၀ | ၃၁၇၅ | ၃၂၀၀ | ၃၄၅၅ |
| HSD (10 ppm) | ၃၀၅၅ | ၃၁၆၅ | ၃၁၃၀ | ၃၀၆၅ | ၃၁၇၀ | ၃၁၉၀ | ၃၂၀၅ | ၃၁၂၅ | - | ၃၄၁၅ | ၃၁၄၀ | ၃၁၄၀ | ၃၂၁၀ | ၃၁၇၅ | ၃၂၀၀ | ၃၄၅၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၁၈ | ၂၈၀၆ |
| 95 Ron | ၂၇၇၃ | ၂၈၆၂ |
| HSD (500 ppm) | ၂၃၁၈ | ၂၃၉၄ |
| HSD (50 ppm) | ၂၈၈၂ | ၂၉၆၉ |
| HSD (10 ppm) | ၂၈၈၂ | ၂၉၆၉ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

❂ ယူရိုပါလိဂ်မှ

အိမ်ကွင်းမှာ သုံးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာ မန်ယူအသင်းအတွက် သွင်းဂိုးတွေကို ပထမပိုင်းပွဲကစားချိန် မိနစ် ၃၀ မှာ ကတ်စမဲရိုးက တစ်ဂိုး၊ ပထမပိုင်းပွဲကစားချိန် ၃၇ မိနစ်(ပင်နယ်တီ) နဲ့ ၄၅ မိနစ်တို့မှာ ဘရူနိုဖာနန်ဒက်စ်က နှစ်ဂိုး သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

ဘီဘာအိုအသင်းနဲ့ မန်ယူအသင်းတို့ပွဲစဉ်မှာ ဘီဘာအိုအသင်းဟာ ချေပဂိုးပြန်လည်ရရှိရေးကြိုးပမ်းရင်း ပွဲကစားချိန် ၃၅ မိနစ်မှာ ဗီဗီယန်ဟာ တိုက်ရိုက်အနီကတ်ပြထုတ်ပယ်ခံခဲ့ရတာကြောင့် တစ်ယောက်လျော့နဲ့ ကစားခဲ့ရတာဖြစ်ပါတယ်။

မန်ယူအသင်းဟာ ဘီဘာအိုအသင်းရဲ့ အိမ်ကွင်းမှာ သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ပြီဖြစ်တာကြောင့် ယူရိုပါလိဂ် နောက်ဆုံးဗိုလ်လုပွဲအဆင့်ကို တက်လှမ်းနိုင်ဖို့ အခြေအနေကောင်းသွားပြီဖြစ်ပါတယ်။ စပါးအသင်းကတော့ ယူရိုပါလိဂ်ဆီမီးဖိုင်နယ်အဆင့် ပထမအကျော့ပွဲစဉ်မှာ ဘိုဒိုအသင်းနဲ့ယှဉ်ပြိုင်ကစားခဲ့ရပြီး သုံးဂိုး-တစ်ဂိုးနဲ့အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

အခုပွဲစဉ်မှာ မန်ယူအသင်းနဲ့အတူ သွင်းဂိုးနှစ်ဂိုးသွင်းယူပေးနိုင်ခဲ့တဲ့ ကွင်းလယ်ကစားသမား ဘရူနိုဖာနန်ဒက်စ်ဟာ ယခုဘောလုံးရာသီမှာ ယူရိုပါလိဂ်သွင်းဂိုး ခုနစ်ဂိုးအထိ သွင်းယူထားနိုင်ခဲ့ပြီး ယူရိုပါလိဂ်သွင်းဂိုးအများဆုံးကစားသမားအဖြစ် ရပ်တည်နေတာဖြစ်ပါတယ်။

မန်ယူအသင်းဟာ ယူရိုပါလိဂ်ပြိုင်ပွဲမှာ နောက်ဆုံးဗိုလ်လုပွဲအဆင့်ကို တက်လှမ်းနိုင်မယ့် အခွင့်အရေးရှိနေတာကြောင့် ယူရိုပါလိဂ်ဖလားရရှိခဲ့မယ်ဆိုပါက လာမယ့်ဘောလုံးရာသီ ချန်ပီယံလိဂ် ဝင်ခွင့်ရရှိဖို့အခွင့်အရေး ရှိနေတာဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ စပါးအသင်းအတွက် သွင်းဂိုးတွေကို ပထမပိုင်းပွဲကစားချိန် တစ်မိနစ်မှာ ဂျွန်ဆင်ကတစ်ဂိုး၊ ၃၄ မိနစ်မှာ မက်ဒီဆင်ကတစ်ဂိုးနဲ့ ၆၁ မိနစ်မှာ ပင်နယ်တီကနေတစ်ဆင့် ဆိုလန်ကီးက တစ်ဂိုး အသီးသီးသွင်းယူပေးခဲ့တာဖြစ်ပြီး ဘိုဒိုအသင်းအတွက် ချေပဂိုး တစ်ဂိုးကိုတော့ ဒုတိယပိုင်းပွဲကစားချိန် ၈၃ မိနစ်မှာ ဆဲလ်နက်စ်က သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

**ငွေကြယ်**

# ကချင်ပြည်နယ်ဝန်ကြီးချုပ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများ စခန်းသွင်းလေ့ကျင့်သင်ကြားပေးနေမှုအား လိုက်လံကြည့်ရှုအားပေး

**မြစ်ကြီးနား မေ ၂**

မန္တလေးငလျင်ကြီးကြောင့် တက္ကသိုလ်ဝင်စာမေးပွဲအဖြေလွှာများ မီးလောင်ဆုံးရှုံးခဲ့ရသဖြင့် ကချင်ပြည်နယ်အတွင်း တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ကျင်းပပြုလုပ်နိုင်ရေး ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်စီမံမှုဖြင့် ပြည်နယ်အတွင်းရှိ တက္ကသိုလ်ဝင်တန်း(Grade-12) ကျောင်းသားကျောင်းသူများအား ဘာသာရပ်အလိုက် သင်ခန်းစာများအား Face To Face ပြန်လည်ဆွေးနွေးပို့ချခြင်းကို ယနေ့နံနက်ပိုင်းမှစတင်၍ သတ်မှတ်နေရာအသီးသီး၌ စနစ်တကျ စုဖွဲ့သင်ကြားပေးလျက်ရှိသည်။



**ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေး**

ထိုသို့ သင်ကြားရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ်ဝန်ကြီးများ၊ မြစ်ကြီးနားတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာအောင်ဝင်း၊ ပြည်နယ်ပညာရေးမှူး ဦးစိုးသိုက်နှင့် တာဝန်ရှိသူများသည် မြစ်ကြီးနားမြို့ ရောရပ်ကွက် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ အေးမြသီတာခန်းမ၌ မြစ်ကြီးနား၊ ဝိုင်းမော်နှင့် ကိုယ်ပိုင်အထက်တန်းကျောင်း ရှစ်ကျောင်းတို့မှ Grade-12 ကျောင်းသားကျောင်းသူ ၉၉၇ ဦးတို့အား မြစ်ကြီးနားတက္ကသိုလ်မှ ပါမောက္ခ(ဌာနမှူး)များနှင့် ပါမောက္ခများက ဘာသာရပ်အလိုက် သတ်မှတ်အချိန်ဇယားဖြင့် သင်ခန်းစာများအား Face To Face ပြန်လည်လေ့ကျင့်သင်ကြားပေးနေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ကျောင်းသားကျောင်းသူများ စနစ်တကျဖြင့် စိတ်ပါဝင်စားစွာ လေ့ကျင့်သင်ကြားနိုင်ရေး လိုအပ်သည်များ ဂရုစိုက်ဖြည့်ဆည်းဆောင်ရွက်ရေး ကြီးကြပ်ရေးအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများအကြား ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက်တစ်ဆင့် ပြည်သူ့အားကစားကွင်းအတွင်း မိုးလုံလေလုံအားကစားခန်းမ၌ မြစ်ကြီးနား၊ ဝိုင်းမော်၊ ဗန်းမော်၊ ချီဖွေမြို့နယ်များနှင့် ကိုယ်ပိုင်အထက်တန်းကျောင်း စုစုပေါင်း ၁၃ ကျောင်းမှ Grade-12 ကျောင်းသား ကျောင်းသူ စုစုပေါင်း ၉၈၅ ဦးတို့အား Face To Face ပုံစံဖြင့် တက်ကြွစွာ ပြန်လည်လေ့ကျင့်သင်ကြားနေမှုများကို လိုက်လံကြည့်ရှုအားပေးကြသည်။

ထို့အတူ ပမ္မတီးရပ်ကွက် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း ခန်းမဆောင်၌လည်း မြစ်ကြီးနားမြို့ပေါ်နှင့် ဗန်းမော်ခရိုင်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများမှ Grade-12 ကျောင်းသား ကျောင်းသူ ၄၈၀ တို့အား စနစ်တကျစုဖွဲ့၍ ဘာသာရပ်အလိုက် လေ့ကျင့်သင်ကြားပေးလျက်ရှိရာ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးမိုးမင်းသိန်း၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြပြီး အဆိုပါ စခန်းသွင်းလေ့ကျင့်သင်ကြားပေးလျက်ရှိသော Grade-12 ကျောင်းသား ကျောင်းသူများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက နေ့လယ်စာကို ချက်ပြုတ်ကျွေးမွေးခဲ့ကြသည်။

**ပြည်နယ်(ပြန်/ဆက်)**





# ၂၀၂၅ ခုနှစ် ရေကြောင်းနှင့် လေကြောင်းလူငယ်အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများကို သက်ဆိုင်ရာ မြို့နယ်အသီးသီး၌ လေ့ကျင့်သင်ကြားပေးလျက်ရှိ

**နေပြည်တော် မေ ၂**

ကျောင်းသား ကျောင်းသူ မျိုးဆက်သစ်လူငယ်မောင်မယ်များကို နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အသိပညာများဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များအကျိုးရှိစေရန်၊ မိမိဝါသနာပါသည့် ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာ၊ လေကြောင်းပညာကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ တပ်မတော်(ရေ)မှ ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ တပ်မတော်(လေ)မှ အခြေခံလေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်း လူငယ်သင်တန်းဖွင့်ပွဲများကို ဧပြီ ၂၂ ရက်တွင် သက်ဆိုင်ရာ မြို့နယ်အသီးသီးရှိ သင်တန်းစခန်းများ၌ တစ်ပြိုင်တည်း စတင်ဖွင့်လှစ်ခဲ့ပြီး လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

ထိုသို့ လေ့ကျင့်သင်ကြားလျက်ရှိရာ ယနေ့တွင် ရေတပ်သားဘာသာရပ်၊ လှေလှော်ရွက်တိုက် ဘာသာရပ်နှင့် ရေကူးဘာသာရပ်တို့တွင် ပါဝင်သည့် သင်ခန်းစာများကို နေပြည်တော်ကောင်စီနယ်မြေရှိ နေပြည်တော်စခန်းတန်းခွဲ(၂)မှ သင်တန်းသား သင်တန်းသူ ၁၀၀၊ ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၆၅ ဦး၊ တနင်္သာရီတိုင်းဒေသကြီး ဟိန်းဇဲဒေသရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၄၀၊ မြိတ်မြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၅၀ တို့ကို သက်ဆိုင်ရာ နယ်မြေအသီးသီးမှ တာဝန်ရှိသူနည်းပြများက လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး တပ်မတော်(ရေ) ရေကြောင်းလူငယ်သင်တန်းစခန်း ၁၁ ခု၌ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၈၀၀ တို့ကို လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

**တာဝန်ရှိသူနည်းပြများက လေ့ကျင့်သင်ကြားပေးလျက်ရှိ**

အလားတူ တပ်မတော်(လေ)မှ အခြေခံလေကြောင်း လူငယ်သင်တန်း အမှတ်စဉ်(၁/၂၀၂၅)နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁/၂၀၂၅) သင်တန်းများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် သင်တန်းစခန်း ၁၅ ခုတွင် စုစုပေါင်း သင်တန်းသား ၈၀၄ ဦးဖြင့် ဖွင့်လှစ်သင်ကြားလျက်ရှိရာ မိတ္ထီလာမြို့ရှိ မြန်မာပြည်မြောက်ပိုင်းသင်တန်းစခန်းမှ သင်တန်းသား ၅၀ ကိုလည်းကောင်း၊ တောင်ကြီးမြို့ရှိ တောင်ကြီးသင်တန်းစခန်းမှ သင်တန်းသား ၅၇ ဦးကိုလည်းကောင်း၊ ပြည်မြို့ရှိ ပြည်သင်တန်းစခန်းမှ သင်တန်းသား ၅၃ ဦးကိုလည်းကောင်း၊ မြိတ်မြို့ရှိ မြိတ်သင်တန်းစခန်းမှ သင်တန်းသား ၅၂ ဦးကိုလည်းကောင်း၊ မှော်ဘီမြို့ရှိ မြန်မာပြည်တောင်ပိုင်းသင်တန်းစခန်းမှ သင်တန်းသား ၆၁ ဦးကိုလည်းကောင်း အခြေခံစစ်ရေးပြဘာသာရပ်၊ လေကြောင်းပညာသမိုင်းဘာသာရပ်၊ လေယာဉ်ပျံသန်းမှုအခြေခံသဘောတရားဘာသာရပ်၊ လေကြောင်းဆိုင်ရာ အခြေခံဗဟုသုတများဘာသာရပ်၊ Airfield Procedure ဘာသာရပ်၊ လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းနှင့် ဇာတိသွေးဇာတိမာန်ဘာသာရပ်၊ RC လေယာဉ်/ရဟတ်ယာဉ် မောင်းနှင်ခြင်းဘာသာရပ်၊ RC Simulator နှင့် Flight Simulator မောင်းနှင်ခြင်း ဘာသာရပ်များကို တာဝန်ရှိသူနည်းပြများက လေ့ကျင့်သင်ကြား ပေးလျက်ရှိပြီး ကျန်သင်တန်းစခန်း အသီးသီးတွင်လည်း ဆက်လက် လေ့ကျင့်သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် စစ်တွေမြို့နယ် ဆေးသမားကြီး(IDP)စခန်း မီးလောင်ပြင်အား ရှင်းလင်းနေမှုကြည့်ရှုစစ်ဆေး

**စစ်တွေ မေ ၂**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းသည် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် စစ်တွေမြို့နယ် ဆေးသမားကြီး(IDP) စခန်း မီးလောင်ပြင်အား ရှင်းလင်းနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး မီးဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဆေးသမားကြီး(IDP) စခန်း မီးလောင်ပြင်အား နယ်မြေခံတပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုကြပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မီးဘေးသင့်ပြည်သူများအား ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ



ပြည်နယ်ဦးစီးမှူး ဒေါက်တာ ကြည်လွင် ဦးဆောင်ပြီး ဆရာဝန်၊ သူနာပြုများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များက ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မီးဘေးသင့်ပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ထောက်ပံ့ပေးအပ်သည့် တစ်ရက်စာထမင်းဖိုး ၁၀၀၈၀၀၀၀၊ ဆန်ရိက္ခာဖိုး ၆၃၀၀၀၀၀၊ ခေါက်ဆွဲခြောက်များ၊ မီးဘေးသင့်အိမ်ထောင်စုများအတွက် မိုးကာတဲများ၊ မိသားစုသုံးကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုးပါ ပုံးများကို ထောက်ပံ့ပေးအပ်ရာ မီးဘေးသင့်ပြည်သူများက လက်ခံရယူကြပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

စစ်တွေမြို့နယ် ဆေးသမားကြီး(IDP)စခန်းတွင် မေ ၂ ရက် နံနက် ၄ နာရီ ၁၅ မိနစ်တွင် မီးလောင်မှုဖြစ်ပွားရာ အဆောင် ၁၈ ဆောင်၊ အခန်း ၁၈၀ မီးလောင်းကျွမ်းခဲ့ပြီး မီးဘေးသင့် ပြည်သူများအား နီးစပ်ရာနေရာများတွင် ယာယီနေရာချထားပေးလျက်ရှိကြောင်း သိရသည်။


**တင်ထွန်း(ပြန်/ဆက်)**

# အချို့ဒေသများ၌ နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် မေ ၂**

ယနေ့ ညနေ ၄ နာရီခွဲ တိုင်းထွာချက်များအရ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့် လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှ ရွေ့လျားလာသော လေအေးများ တွေ့ဆုံမှုကြောင့်လည်းကောင်း၊ အပူပြန်တက်တိမ်များ ဖြစ်ထွန်းမှုအားကောင်းခြင်းကြောင့် လည်းကောင်း ယနေ့ညနေမှ မေ ၄ ရက်အတွင်း မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျားနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်

**၃-၅-၂၀၂၅ ရက်နေ့မှ ၄-၅-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ**




**အကြံပြုချက်**

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် အချိန်အခါမဟုတ်မိုးရွာခြင်းနှင့်အတူ လေပြင်းများတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် မြေပြိုခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
https://sacoffice.gov.mm

၂။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၃။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၄။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၅။ Myawady Webportal
https://myawady.net.mm

၆။ Myanmar National Portal
https://myanmar.gov.mm

# အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်း ဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

**နေပြည်တော် မေ ၂**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း ဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရွှာင်နှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ (မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရုပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့်သင်တန်းများကို ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ် (၈)ခု၊ အပတ်စဉ်တစ်ခုလျှင် (၆)ပတ်ကြာ သင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့တို့တွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ ၂၀၂၅-၂၀၂၆ခု၊ ဘဏ္ဍာရေးနှစ်၊ ပထမအကြိမ်မြောက် ကျောင်းအခြေပြုသင်တန်းအား ၂-၅-၂၀၂၅ ရက်မှ ၆ -၆ - ၂၀၂၅ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား(အမျိုးသမီး/အမျိုးသား)များအနေဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များရှိ အောက်ပါအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း အသိပေးဖော်ပြအပ်ပါသည်-

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရန်ကုန်)**
  အမှတ်-၁၃၅၊ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း- ၀၉-၄၂၇၉၀၀၀၄၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မန္တလေး)**
  အမှတ်-၁၆၉၊ ၈၃လမ်း၊ ၂၅ x၂၆လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊
  စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့ ၊ ဖုန်း- ၀၂-၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မော်လမြိုင်)**
  ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့ ၊ ဖုန်း- ၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (တောင်ငူ)**
  အမှတ်(၁၈)ရပ်ကွက်၊စည်သူလမ်း၊ဘူတာအနီး၊တောင်ငူမြို့၊ ဖုန်း-၀၅၄-၂၈၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား)**
  အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဖုန်း- ၀၇၄-၂၅၂၂၅၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ဖျာပုံ)**
  ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေး ကားလမ်းဘေးဖျာပုံမြို့၊ ဖုန်း- ၀၉-၂၆၂၇၅၇၈၉၉
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ပုသိမ်)**
  အမှတ်-၂ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊ ဖုန်း - ၀၄၂- ၂၅၃၇၃၊ ၀၄၂-၂၁၀၃၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (စစ်တွေ)**
  မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက်၊ စစ်တွေမြို့၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရှာင်)**
  အမှတ်-၈၂ ၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊
  ရှမ်းပြည်နယ် (တောင်ပိုင်း) ၊ ရှာင်မြို့၊ ဖုန်း- ၀၈၁-၄၇၆၈၀၁၅
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်)**
  အကွက်အမှတ်(၂၄)၊ ဆန်ချီတိုးချဲ့အနောက်ကွင်း၊ ထားဝယ်မြို့
  တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဖုန်း- ၀၅၉-၂၀၂၄၀၀၉

**လူမှုဝန်ထမ်းဦးစီးဌာန**

# ချင်းပြည်နယ်တွင် ဝဋ္ဋလွှာခြောက်စက်ရုံတည်ဆောက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ဟားခါး မေ ၂**

ဝဋ္ဋလွှာခြောက် စက်ရုံ တည်ဆောက်နိုင်ရေး လုပ်ငန်း ညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၁/၂၀၂၅)ကို ယနေ့မွန်းလွဲ ၁ နာရီက ဟားခါးမြို့ ချင်းပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**အမှာစကားပြောကြား**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်က ယနေ့ကျင်းပသည့် အစည်းအဝေးသည် ဟားခါးမြို့နယ် သမဝါယမ အသင်းစုက တည်ဆောက်လိုသည့် ဝဋ္ဋလွှာခြောက်စက်ရုံ တည်ဆောက်နိုင်ရေး လုပ်ငန်း ညှိနှိုင်းအစည်းအဝေးဖြစ်ကြောင်း၊ ဟားခါးမြို့နယ် သမဝါယမ အသင်းက ဝဋ္ဋလွှာခြောက်စက်ရုံ တည်ဆောက်ရန် ပြီးခဲ့သည့် နှစ်နှစ်ကတည်းက စီမံခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် အကောင်အထည်မဖော်နိုင်ခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ သို့ဖြစ်၍ သမဝါယမအသင်းမှ တာဝန်ရှိသူများအနေဖြင့် ဝဋ္ဋလွှာခြောက်စက်ရုံ တည်ဆောက်နိုင်ရေးအတွက် ကြုံတွေ့ရသည့် အခက်အခဲများ၊ ပြုပြင်ပြောင်းလဲဆောင်ရွက်ရမည့် အချက်များကို ပွင့်ပွင့်လင်းလင်း ရှင်းလင်းတင်ပြစေလိုကြောင်းနှင့် အစည်းအဝေး တက်ရောက်လာကြသည့် ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက လွတ်လပ်စွာ ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြစေလိုကြောင်း အမှာစကားပြောကြားသည်။

ယင်းနောက် ဟားခါးမြို့နယ် ဝဋ္ဋစိုက်ပျိုးရေး ကုန်ထုတ်နှင့် အထွေထွေစီးပွားရေးသမဝါယမ အသင်းစု အမှုဆောင်အဖွဲ့ဝင်များ၊ မာရာတောင်ကြောမွေးမြူရေးနှင့် အထွေထွေစီးပွားရေးသမဝါယမ အသင်းမှ ဒေါက်တာဟရန်ကီးလ်နှင့် အဖွဲ့ဝင်များက ဝဋ္ဋလွှာခြောက် စက်ရုံ တည်ဆောက်နိုင်ရေး အတွက် ကြုံတွေ့ရသည့် အခက်အခဲများနှင့် တင်ပြလိုသည့်အချက်များကို ရှင်းလင်းတင်ပြကြပြီး တင်ပြချက်များအပေါ် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်နယ် သယံဇာတရေးရာဝန်ကြီး ဦးကျော်ငြိမ်း၊ ပြည်နယ် လမ်းပန်းဆက်သွယ်ရေးရာဝန်ကြီး ဦးနေလင်းအောင်၊ ပြည်နယ် ဥပဒေချုပ် ဦးဆွန်းဒုတ်ကျင့်နှင့် ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးဇော်ဝင်းဌေးတို့က ဖြည့်စွက်ဆွေးနွေး တင်ပြကြကာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။



**ခရိုင်(ပြန်/ဆက်)**

# ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများနှင့် မြစ်ထွက်ပေါက်များ ကြည့်ရှုစစ်ဆေး

**ရန်ကုန် မေ ၂**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ(ဒုတိယမြို့တော်ဝန်) ဦးညီညီသည် ကော်မတီဝင်များ၊ ဌာနမှူးများနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၇ နာရီခွဲက ဒေါပုံမြို့နယ် အမှတ်(၁) မြစ်ထွက်ပေါက်နှင့် သာကေတမြို့နယ် အမှတ်(၂) မြစ်ထွက်ပေါက်များသို့ သွားရောက်၍ အမှိုက်နှင့် နုန်းများ ဆယ်ယူရှင်းလင်းရန်၊ ဆယ်ယူပြီးအမှိုက်နှင့် နုန်းများအား စနစ်တကျစွန့်ပစ်ရန်၊ စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုမရှိစေရေးတို့ကို မှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**မှာကြား**

ဆက်လက်၍ ဒုတိယမြို့တော်ဝန်နှင့် အဖွဲ့သည် ဒဂုံမြို့သစ်(ဆိပ်ကမ်းမြို့နယ်) ရတနာလမ်းပေါ်ရှိ ဆယ်ပေါက်ချောင်းမြစ်ထွက်ပေါက်သို့ သွားရောက်ပြီး ချောင်းပိတ်ဆို့မှုမဖြစ်စေရေး အမှိုက်နှင့် နုန်းများ



အပြောင်ဆယ်ယူရှင်းလင်းပြီး စနစ်တကျစွန့်ပစ်ရန်၊ ရေကြီးရေလျှံမှုများမဖြစ်စေရေး အလေးထား ဆောင်ရွက်ရန်တို့ကို မှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယမြို့တော်ဝန်နှင့် အဖွဲ့သည် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (၉၂)ရပ်ကွက် ကမ်းနားလမ်း ကုလားဝဲတံတား(အမှတ်-၂ သန်လျင်တံတား)အနီးရှိ ဒဂုံတံတား ရေထိန်းတံခါး ရေစီးရေလာကောင်းမွန်စေရန် ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီးရေထိန်းတံခါး ဘေးဝဲ/ယာ ချုံနွယ်များရှင်းလင်းရေး မှာကြားသည်။ အဆိုပါ ဒဂုံတံတား ရေထိန်းတံခါးသို့ ပဲခူးမြစ်လမ်းဘေး ရေနုတ်မြောင်းများမှ ရေများစီးဝင်ပြီး ရေထိန်းတံခါးမှတစ်ဆင့် ပဲခူးမြစ်အတွင်းသို့ စီးဝင်ကြောင်း သိရသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် ဒုတိယမြို့တော်ဝန်နှင့် အဖွဲ့သည် သာကေတမြို့နယ် ရှုခင်းသာမြို့ပတ်လမ်းပေါ်ရှိ အမှတ်(၇)မြစ်ထွက်ပေါက်နှင့် အမှတ်(၄) မြစ်ထွက်ပေါက်တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးကာ ရေကြီးရေလျှံမှုမဖြစ်စေရေး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်း - မိုးမြင့်မောင်၊ ဓာတ်ပုံ - ရွှေဝင်း**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

( ခ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

( ဂ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

( စ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

( ဇ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

( ဈ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

( ဋ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

( ဌ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

( ဍ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

( ဎ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ၂၀၂၅ ခုနှစ် မတ်လအတွင်း ရန်ကုန်(ကမ္ဘာအေး)၏ လေအရည်အသွေး အခြေအနေများ

**နေပြည်တော် မေ ၂**


ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနသည် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ရန်ကုန်(ကမ္ဘာအေး)ရုံး၌ ဂျပန်နိုင်ငံ Asia Center for Air Pollution Research (ACAP) နှင့် Clean Air Asia တို့၏ ကူညီထောက်ပံ့မှုဖြင့် လေထုအတွင်း (2.5µg) နှင့်အောက် သေးငယ်သော အမှုန်အမွှားများ (Particulate Matter – PM) ပါဝင်မှုကို တိုင်းတာနိုင်သည့် အလိုအလျောက် $PM_{2.5}$ Monitor စက်တပ်ဆင်၍ လေအရည်အသွေး ($PM_{2.5}$) စောင့်ကြည့်တိုင်းတာခြင်းလုပ်ငန်းကို ၂၆-၃-၂၀၁၈ ရက်နေ့မှစ၍ ၂၄ နာရီ စောင့်ကြည့်တိုင်းတာလျက်ရှိပါသည်။

ရန်ကုန်(ကမ္ဘာအေး)ရုံး၌ ၂၀၂၅ ခုနှစ် မတ်လ ၁ ရက်နေ့မှ ၃၁ ရက်နေ့အထိ တိုင်းတာရရှိခဲ့သည့် $PM_{2.5}$ တန်ဖိုးများကို လေအရည်အသွေးအညွှန်းကိန်း (Air Quality Index–AQI and Health Concerns) သတ်မှတ်ဖော်ပြချက်များနှင့် နှိုင်းယှဉ်ကြည့်ရာတွင် မတ်လ ၁၊ ၉၊ ၁၀၊ ၁၁၊ ၁၂၊ ၁၆၊ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၁ ရက်နေ့နှင့် ၂၂ ရက်နေ့တို့သည် AQI Range 51–100 အတွင်းတွင် ရှိသောကြောင့် အသင့်အတင့်အဆင့် (Moderate)၊ ၂ ရက်နေ့နှင့် ၁၃ ရက်နေ့တို့သည် AQI Range 151–200 အတွင်းတွင်ရှိသောကြောင့် ကျန်းမာရေးကို ထိခိုက်စေသောအဆင့် (Un-healthy) နှင့် ကျန်ရက်များသည် AQI Range 101–150 အတွင်းတွင်ရှိသောကြောင့် ခံနိုင်ရည်နည်းပါးသော အုပ်စုများအတွက် ကျန်းမာရေးကို ထိခိုက်စေသောအဆင့် (Unhealthy for Sensitive Group) ဖြစ်ကြောင်း တွေ့ရှိရပါသည်။

တိုင်းတာရရှိခဲ့သည့်မှတ်တမ်းများအရ မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန ရန်ကုန်(ကမ္ဘာအေး)ရုံး၏ လေအရည်အသွေးမှာ မတ်လအတွင်းတွင် အသင့်အတင့်အဆင့်၌ ၁၂ ရက်၊ ခံနိုင်ရည်နည်းပါးသော အုပ်စုများအတွက် ကျန်းမာရေးကိုထိခိုက်စေသော အဆင့်၌ ၁၇ ရက်နှင့် ကျန်းမာရေးကိုထိခိုက်စေသောအဆင့်၌ ၂ ရက်ရှိနေကြောင်း သုံးသပ်တွေ့ရှိရပါသည်။

**မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန**

**ရန်ကုန် (ကမ္ဘာအေး)၏ လေအရည်အသွေးအညွှန်းကိန်း (AQI) များပြပုံ**




**လေအရည်အသွေးအညွှန်းကိန်း (AQI) အလိုက် အဓိပ္ပာယ်ဖွင့်ဆိုချက်**


| လေအရည်အသွေးအညွှန်းကိန်း (AQI) | လေအရည်အသွေးအဆင့် | အဓိပ္ပာယ်ဖွင့်ဆိုချက် |
|---|---|---|
| ၀ - ၅၀ | ကောင်း | လေထုအရည်အသွေးမှာကျေနပ်ဖွယ်ရာဖြစ်သည်။ လေထုညစ်ညမ်းမှု အန္တရာယ်မရှိ သို့မဟုတ် လွန်စွာနည်းပါးသည်။ |
| ၅၁ - ၁၀၀ | အသင့်အတင့် | လေထုအရည်အသွေးမှာ လက်ခံနိုင်စရာဖြစ်သော်လည်း လေထုညစ်ညမ်းမှုအား ခံနိုင်ရည်နည်းပါးသည့် အချို့လူများအတွက် ကျန်းမာရေးထိခိုက်နိုင်ဖွယ် အသင့်အတင့်ရှိသည်။ |
| ၁၀၁ - ၁၅၀ | ခံနိုင်ရည်နည်းပါးသော အုပ်စုများအတွက် ကျန်းမာရေးထိခိုက်စေ | လေထုညစ်ညမ်းမှုကို ခံနိုင်ရည်နည်းပါးသူများ ကျန်းမာရေးထိခိုက်နိုင်သည်။ ယေဘုယျအားဖြင့် ကျန်းမာရေးအတွက် စိုးရိမ်ဖွယ်မရှိပါ။ |
| ၁၅၁ - ၂၀၀ | ကျန်းမာရေးထိခိုက်စေ | လူတိုင်းကျန်းမာရေး ထိခိုက်မှုမျိုးကြုံတွေ့နိုင်သည်။ လေထုညစ်ညမ်းမှုကို ခံနိုင်ရည်နည်းပါးသော အုပ်စုများကျန်းမာရေး ပိုမိုထိခိုက်နိုင်သည်။ |
| ၂၀၁ - ၃၀၀ | ကျန်းမာရေးကိုအလွန်ထိခိုက်စေ | ကျန်းမာရေးအသိပေးချက် - လူတိုင်းကျန်းမာရေး ပြင်းထန်စွာ ထိခိုက်နိုင်သည်။ |
| ၃၀၁ - ၅၀၀ | အန္တရာယ်ရှိ | ကျန်းမာရေးဆိုင်ရာ အရေးပေါ်သတိပေးရမည့် အခြေအနေဖြစ်သည်။ လူထုတစ်ရပ်လုံးကျန်းမာရေး ထိခိုက်နိုင်ခြေပိုများသည်။ |

# ၂၀၂၅ ခုနှစ် မတ်လအတွင်း ရွာသွန်းခဲ့သောမိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေများ

**နေပြည်တော် မေ ၂**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် အရှေ့အာရှ အက်စစ်ဖြစ်ထွန်းမှု စောင့်ကြည့်တိုင်းတာရေး ကွန်ရက် (Acid Deposition Monitoring Network in East Asia– EANET) အဖွဲ့အစည်းတွင် အဖွဲ့ဝင်အဖြစ် ၂၀၀၅ ခုနှစ် နိုဝင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ မြို့ကြီးများ၏ ရွာသွန်းသော မိုးရေများကို စုဆောင်းကာ မိုးရေတွင်အက်စစ်ဖြစ်ထွန်းမှု အခြေအနေကိုသိရှိရန် မိုးရေ၏ pH တန်ဖိုးများတိုင်းတာခြင်းလုပ်ငန်းများကို လစဉ်ဆောင်ရွက်လျက်ရှိပါသည်။ **ပုံ(၁)**

**ပုံ(၁)၊ မိုးရေနမူနာတိုင်းတာသည့် စခန်းများပြပုံ**





၂၀၂၅ ခုနှစ် မတ်လအတွင်း စခန်း ၁၃ စခန်းမှ မိုးရေနမူနာများ စုဆောင်းရယူခဲ့ပါသည်။ မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် ၁၃ စခန်းအနက် ၁၂ စခန်းတို့တွင် ရွာသွန်းခဲ့သောမိုးရေများ၏ pH တန်ဖိုးများသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)မှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုးနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုး (6.5–8.5) အတွင်းတွင်ရှိပြီး မန္တလေး (ချမ်းမြသာစည်)စခန်းတွင် ရွာသွန်းခဲ့သော မိုးရေ၏ pH တန်ဖိုးသည် ပုံမှန်မိုးရေ (Normal Rain) ဟု သတ်မှတ်ထားသည့် pH တန်ဖိုး (5.6 – 6.4) အတွင်းတွင်ရှိကြောင်း တိုင်းတာရရှိခဲ့ပါသည်။ **(ပုံ-၂)**

မိုးရေ၏ pH တန်ဖိုးသည် 5.6 အောက်ရောက်ရှိမှသာ အက်စစ်ဂုဏ်သတ္တိရှိသောကြောင့် ၂၀၂၅ ခုနှစ် မတ်လအတွင်း မိုးရေနမူနာ တိုင်းတာရရှိခဲ့သည့်စခန်း ၁၃ စခန်းတို့၌ ရွာသွန်းခဲ့သောမိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေမရှိကြောင်း တွေ့ရှိရပါသည်။

**မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန**

**ပုံ(၂)၊ ၂၀၂၅ ခုနှစ် မတ်လအတွင်း ရွာသွန်းခဲ့သော မိုးရေ၏ pH တန်ဖိုးများပြပုံ**




**၂၀၂၅ ခုနှစ် မတ်လအတွင်း ရွာသွန်းခဲ့သော မိုးရေနမူနာများ၏ pH တန်ဖိုးများ**

| စဉ် | စခန်းအမည် | pH |
|---|---|---|
| ၁ | မန္တလေး(ချမ်းမြသာစည်) | ၆.၄ |
| ၂ | ပူတာအို | ၆.၆ |
| ၃ | ခန္တီး | ၆.၉ |
| ၄ | တောင်ကြီး | ၇.၂ |
| ၅ | မိုင်းဆတ် | ၆.၈ |
| ၆ | ကျိုင်းတုံ | ၆.၇ |
| ၇ | ပြင်ဦးလွင် | ၆.၇ |
| ၈ | မော်လမြိုင် | ၆.၇ |
| ၉ | ဘီးလင်း | ၆.၈ |
| ၁၀ | ကော့ကရိတ် | ၇.၁ |
| ၁၁ | ထားဝယ် | ၆.၇ |
| ၁၂ | မြိတ် | ၆.၉ |
| ၁၃ | ကော့သောင်း | ၆.၈ |

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် ဝတ္ထုတိုကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ သိပ္ပံမောင်ဝ၏ ဝတ္ထုတိုကို အလျဉ်းသင့်သလို ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

# အချစ်မီး

***သိပ္ပံမောင်ဝ***

အာမိတ်နှင့် လွှဗောတို့ကို ချင်းတောင်မှ ယူခဲ့သည်မှာ ကိုးလကျော် ဆယ်လနီးလာပေပြီ။ ထိုကိုးလကျော်ဆယ်လနီးပါးအတွင်း သူတို့နှစ်ကောင်မှာ ဘာမျှအပူအပင်မရှိ။ စားချိန်တန်စားရ၊ သောက်ချိန်တန်သောက်ရ၊ ကစားချိန်တန်ကစားရ၊ အိပ်ချိန်တန်အိပ်ရ၊ အပျော်ကြီး ပျော်ခဲ့ကြလေပြီ။ မည်သူဘာဖြစ်ဖြစ် သူတို့ တစ်ပဲသားမျှ ဂရုမစိုက်ကြချေ။ သူတို့ကဲ့သို့ လွတ်လပ်သောစိတ်မျိုး သူတို့ကဲ့သို့ ပျော်ရွှင်သောစိတ်မျိုး၊ သူတို့ကဲ့သို့ အပူအပင်ကင်းသောစိတ်မျိုးကို လိုချင်စမ်းပါဘိတော့ဟု မောင်လူအေးက ခင်သန်းမြင့်အား ခဏခဏပြောကြားဖူး၏။

ယခုကား အာမိတ်နှင့် လွှဗောတို့သည် ယခင်ကဲ့သို့ အပူအပင်မကင်းကြတော့ပြီ။ သူတို့ နှလုံးသားအတွင်း အချစ်မီးက ဝင်၍တောက်နေလေပြီ။ ပျော်ရွှင်ခြင်းကင်းနေကြလေပြီ။ ပူပင်သောကများ ရောက်နေကြလေပြီ။ ယခင်က ဖျတ်ဖျတ်လတ်လတ် ပြေးလွှားကစားလေ့ရှိသော မလွှဗောမှာ ယခုအခါ ခွေကာယိုင်နေလေပြီ။ မောင်အာမိတ်ကား မလွှဗောလောက်မဖြစ်။ အဖိုတို့သည် အမတို့ထက် အချစ်၏လောင်ကျွမ်းခြင်းကို ပိုမိုသည်းခံနိုင်ကြောင်း ထင်ရှား၏။

လွှဗော၏အချစ်ကို သိမ်းကျုံးကာ ယူလိုက်သူကား အာမိတ်မဟုတ်ချေ။ မောင်လူအေးတို့၏ အိမ်နောက်ဖေး အစေခံတန်းလျားတွင် ခိုကပ်စားနေသော ခွေးနက်ကြီးဖြစ်လေသည်။ ထိုခွေးနက်ကြီးမှာ အာမိတ်လောက် အဘယ်မှာလှပါအံ့နည်း။ သို့သော် အာမိတ်ထက် ခွန်အားဗလသန်စွမ်း၏။ အကင်းပါး၏။ အဆွယ်ကောင်း၏။ ထို့ကြောင့် ထိုခွေးနက်ကြီးအပေါ်တွင် လွှဗောမေတ္တာပုံလိုက်ဟန်တူလေသည်။

ဤကဲ့သို့ ပါလရာခွေးနက်ကြီးနှင့် လွှဗောတို့ ချစ်ကြိုက်ကြ၍ မကြာမီပင်ထိုအကြောင်း ခင်သန်းမြင့်၏နားသို့ ပေါက်သွားလေ၏။ ခင်သန်းမြင့်မှာ များစွာမကျေမနပ်ဖြစ်လေတော့၏။ မိမိဂရုစိုက်ကာ ကောင်းစွာကျွေးမွေးပြုစုထားသော လွှဗောသည် အုတ်ကြားမြက်ပေါက်၊ ကလေကလွင့် ပါလရာခွေးနက်ကြီးနှင့် အဘယ်ကြောင့် သွား၍ကြိုက်ရပါသနည်း။ လွှဗောကိုလည်း ဒေါသထွက်။ ခွေးနက်ကြီးကိုလည်း မျက်မာန်ပွားလျက်နေ၏။ ခွေးနက်ကြီး အိမ်နားမကပ်ဝံ့အောင် ဈေးထဲမှ မြောက်အိုးများ ဝယ်ကာဖောက်၏။ ခမျာ ခွေးနက်ကြီးမှာ မြောက်အိုးသံကြားလျှင် ကြောက်လွန်းလှသောကြောင့် ကြောက်ကြောက်နှင့်ပင် ခင်သန်းမြင့်အလစ်တွင် အိမ်အောက်မှလာ၍ ချောင်းရှာ၏။ လွှဗောခမျာမှာလည်း ခင်သန်းမြင့်က အခန်းတစ်ခန်းထဲတွင် လှောင်ထားသောကြောင့် နေမထိ ထိုင်မတတ်။ ဟိုဘက်ပြေးလိုက်၊ သည်ဘက်ပြေးလိုက်။ အော်လိုက် ဟစ်လိုက်နှင့် "မောင်တော်" ခွေးနက်ကြီးအား အသံပေးရှာလေသည်။ လွှဗော၏အသံကိုကြားရသော ခွေးနက်ကြီးမှာ အိမ်အောက်ဘက်တွင် မနေတတ်တော့ပြီ။ ဝင်းခြံထဲပတ်၍ ပြေးလိုက်၊ လှေကားအောက်မှ လာမျှော်လိုက်နှင့် ဖြစ်နေရှာပေသည်။ သို့သော် ခင်သန်းမြင့်ကို မြင်လိုက်သည်နှင့် တစ်ပြိုင်နက် တင်ပါးနှင့် ဖဝါး တစ်သားတည်းကျအောင် ပြေးလေတော့သတည်း။ မြောက်အိုးကို ကြောက်ပေသကိုး။

ဤကဲ့သို့ အခန်းထဲတွင် လှောင်ထားသောကြောင့် မိမိ၏အသက်ဘူး ခွေးနက်ကြီးနှင့် မတွေ့ရသောအခါ လွှဗောမှာ ခွေကာယိုင်လက်မှိုင်ချရှာ၏။ အစာကျွေးလည်း မစားတော့ပြီ။ လက်ဖက်ရည်ကော်ဖီတိုက်လည်း မသောက်တော့ပြီ။ ယခင်ကဲ့သို့ အာမိတ်နှင့်လည်း မကစားတော့ပြီ။ လွမ်းနာကျကာ ကြမ်းပြင်တွင် လှဲ၍နေရှာတော့၏။ လွှဗော၏ အဖြစ်အပျက်ကို မြင်ရသောအခါ အာမိတ်မှာလည်း ယခင်ကဲ့သို့ မရွှင်ပျတော့ပြီ။ ယခင်ကဲ့သို့ လွှဗောအား သွား၍မစတော့ပြီ။ သူလည်းတမှိုင်မှိုင်နှင့် နေတော့၏။ အာမိတ်မှိုင်သည်မှာ လွှဗောအတွက်ချည်းမဟုတ်။ သူ့အတွက်လည်း ပါလေသည်။ သူလည်း အိမ်နောက်ဖေး စစ်တန်းထဲက ခွေးပိန်ကလေးတစ်ကောင်နှင့် ရည်းစားဖြစ်နေလေသည်။ ခင်သန်းမြင့်က သဘောမတူ။ လွှဗောနှင့် အာမိတ်တို့ ကံအကျိုးပေးတူနေကြလေပြီ။

ဤသို့ လွမ်းနာကျ၍ သုံးလေးရက်ကြာသော် လွှဗောမှာ အတော်ပင်ပိန်ချုံး၍သွား၏။ လွှဗော၏ အဖြစ်အပျက်ကိုမြင်သောအခါ ခင်သန်းမြင့် သနားစပြုလာပြီ။ သို့သော် ခွေးနက်ကြီးနှင့်ကား မည်သည့်နည်းနှင့်မျှ သဘောမတူနိုင်။ အကြံကောင်းတစ်ခုရလာသည့်အတိုင်း လွှဗောနှင့် အာမိတ်တို့ကို သံကြိုးတစ်ချောင်းတည်းနှင့်ချည်ကာ ဝင်းအတွင်းတွင် လွှတ်၍ထား၏။ လွှဗောက တရားခံ၊ အာမိတ်က တရားခံကိုဖမ်းလာသော ပုလိပ်နှင့်တူလှပေသည်။ အိမ်အောက်သို့ လွှတ်လိုက်သည်နှင့်တစ်ပြိုင်နက် လွှဗောက နောက်ဖေးတန်းလျား ခွေးနက်ကြီးရှိရာသို့ ပြေးလေ၏။ အာမိတ်က ပေကပ်ကပ်လုပ်ကာ လှဲအိပ်လိုက်၏။ လွှဗော တန်းလျားသို့မရောက်နိုင်။ ခွေးနက်ကြီးလည်း မောင်လူအေးတို့ အိမ်နားသို့ မကပ်ဝံ့ရှာပေ။ တစ်ခါတစ်ခါ အာမိတ်ကပါ အလိုတူအလိုပါ လွှဗောနှင့်အတူ အစေခံတန်းလျားသို့ ပြေးသည်ဖြစ်အံ့။ ခင်သန်းမြင့်က အိမ်ပေါ်မှနေ၍ ငေါက်လိုက်လျှင် အာမိတ်ကြီးမှာ မနေဝံ့၊ အိမ်ဘက်သို့ ငေါက်ခနဲကွေ့၍ ပြန်လာရှာ၏။ လွှဗောကား ရုန်းကန်ရုန်းကန်နှင့် လိုက်ပါရလေသည်။ တရားခံကို ပုလိပ်ဖမ်းလာသည်နှင့် တူလှပေသည်။ လွှဗော၏ရည်းစား ခွေးနက်ကြီးကား အဝေးမှနေကာ အာမိတ်အား စားမယောင်ဖြစ်နေလေပြီ။

တစ်ခုသောည မောင်လူအေးတို့ အိပ်ပျော်နေခိုက် သန်းခေါင်ကျော်အချိန်တွင် လွှဗောသည် အတက်အဆင်းရှိ တံခါးကလေးကိုကျော်ကာ အိမ်အောက်ထပ်သို့ ဆင်း၏။ ခါတိုင်းမူကား လွှဗော မကျော်နိုင်။ ယခုမှာမူ အချစ်၏ဗောကြောင့် ကျော်နိုင်ဟန်တူလေသည်။ အိမ်အောက်ထပ်သို့ ရောက်သောအခါ တံခါးများကို ခေါင်းနှင့်တိုက်၊ လက်နှင့်ပုတ်သောကြောင့် မောင်လူအေးနှင့် ခင်သန်းမြင့်တို့ အိပ်ရာမှလန့်၍ နိုးကြကုန်၏။ လက်နှိပ်ဓာတ်မီးကို ခေါင်းအုံးအောက်မှယူကာ နှစ်ယောက်သား အိမ်အောက်သို့ ဆင်းလိုက်ကြလေသည်။ အာမိတ်လည်း နောက်မှပါလာ၏။ ခင်သန်းမြင့်က လွှဗောအား အပေါ်ထပ်သို့ ခေါ်ဆောင်လေသည်။ လွှဗောကမလိုက်ချင်။ ရုန်းကန် ရုန်းကန်လုပ်နေ၏။ မောင်လူအေးက လွှဗောအခင်းသွားချင်သောကြောင့် အပြင်ထွက်ချင်ဟန်တူသည်ဟု ပြော၏။ ခင်သန်းမြင့်ကား များစွာမသင်္ကာသောကြောင့် အာမိတ်အား ပုလိပ်အဖြစ်နှင့် သံကြိုးနှင့်တွဲကာ အပြင်သို့လွှတ်ပြီးလျှင် တံခါးဝတွင် စောင့်စားနေကြကုန်၏။ ချမ်းကလည်းချမ်း၊ အိပ်ကလည်းငိုက်၊ သည်ခွေးတွေအတွက် ဒုက္ခရောက်ရပေသည်။

> ❝အာမိတ်၊ လွှဗောတို့ကား ခေတ်သမားများဖြစ်ကြကုန်၏။ လူကြီးသဘောတူသည်ကို အလိုမရှိ။ မိမိတို့ချစ်သူနှင့်သာ အတူနေချင်ကြလေသည်။ ကမ္ဘာလောကကြီးအတွင်းတွင် ရှေးသမားနှင့် ခေတ်သမား သဘောမတူနိုင်ကြချေ။ ခေတ်သမားက ကောင်းသည်ထင်သောအရာကို ရှေးဟောင်းတို့က သဘောမကျနိုင်။ ရှေးဟောင်းတို့ သဘောကျသောအရာကို ခေတ်သမားတို့က နှာခေါင်းရှုံ့ကြကုန်၏။ ဤနည်းအတိုင်းသာလျှင် ကမ္ဘာလောကကြီးအတွင်း ဆူဆူညံညံတကျက်ကျက်နှင့် ဖြစ်ခဲ့လေသတည်း။ ယခုလည်းဖြစ်ဆဲ၊ နောင်လည်းဖြစ်မည်ထင်❞

လွှဗောတို့လည်း အပြင်ရောက်၊ ခွေးနက်ကြီးကလည်း ဘယ်ကပေါက်လာသည်မသိ၊ လွှဗောအနီးသို့ ရောက်လာတော့၏။ ခင်သန်းမြင့်လက်ထဲတွင် မြောက်အိုးမရှိခိုက်ဖြစ်သောကြောင့် မည်သို့မျှ မတတ်နိုင်။ ခွေးနက်ကြီးသည် လွှဗောကို သွေးဆောင်ကာ အတင်းခိုးပြေးလေတော့၏။ လွှဗောလည်း ခွေးနက်ကြီးနောက်မှ ကောက်ကောက်ပါအောင် ပြေးလေသတည်း။ ပုလိပ်အဖြစ်ဖြင့် ထည့်လိုက်သော အာမိတ်ကလည်း ကိုယ့်လူသူ့ဘက်သားဖြစ်သွားပြီးလျှင် ယောက်ဖနောက်မှ လိုက်၍ပြေး၏။ ခင်သန်းမြင့် မည်သို့မျှ မတတ်နိုင်။ အာမိတ်...အာမိတ်... လွှဗော... လွှဗော ဟူ၍ အော်ကာသာကျန်ရစ်၏။

သို့သော် ဤသို့ မိမိတို့၏ကိတ္တိမသမီးအား အုတ်ကြားမြက်ပေါက် ပါလရာခွေးဝင်စားက ခိုးပြေးရပါမို့လားဟု ဒေါသအမျက်ခြောင်းခြောင်းထွက်ပြီးလျှင် ဓာတ်မီးကိုထိုးကာ ကောက်ကောက်ပါအောင် ပြေးလိုက်၏။ မောင်လူအေးလည်း မနေသာတော့။ ခင်သန်းမြင့်နှင့်အတူ ထွက်၍လိုက်ရ၏။ ဝင်းအပြင်ဘက် ပေသုံးလေးဆယ်လောက်ရောက်သောအခါ သူတို့အားတွေ့ရ၏။ ခင်သန်းမြင့်က အာမိတ်အား ငေါက်၍ခေါ်လိုက်ရာ အာမိတ်ကြီးမှာ ကြောက်ပြီးသားဖြစ်သောကြောင့် မနေနိုင်တော့ပြီ။ ခင်သန်းမြင့်ရှိရာသို့ အမြီးကုပ်ကာ ကြောက်ရွံ့စွာ ပါလာရရှာလေသည်။ ခွေးနက်ကြီးကား လွှဗောအား ပြေး၍ဆွဲရတော့မလို၊ ရပ်ပြီးပဲနေရတော့မလို အတော်ပင် စိတ်အိုက်နေရှာ၏။ ခင်သန်းမြင့်က လွှဗောအား ချော့၍ခေါ်လာသောအခါ ခမျာခွေးနက်ကြီးမှာ ဒေါသဖြစ်ကာ ဟောင်၍မဆုံးတော့ပြီ။ အင်း– အချစ်မီးဆိုတာ တယ်လောင်ကျွမ်းပါကလားဟု မောင်လူအေး တွေးတောမိလေသတည်း။

အိမ်အတွင်းသို့ ရောက်လာကြသောအခါ မောင်လူအေးက သူတို့သဘောအတိုင်းပင်ရှိပါစေတော့ဟု ခင်သန်းမြင့်အား ပြောရှာ၏။ ခင်သန်းမြင့်က သဘောမတူနိုင်။ သူတို့ချစ်ကြိုက်သည်မှာ ကိစ္စမရှိ။ တော်တော်ကြာ အမျိုးမစစ်ပါလရာကလေးတွေမွေးလာလျှင် မကြည့်နိုင်၊ မကြည့်ရက်၊ ပစ်နိုင်မှာလည်းမဟုတ်ဟု ခင်သန်းမြင့်က ပြန်ဖြေသောအခါ ဒါလည်း ဟုတ်ဟုတ်ပဲဟု မောင်လူအေး တွေးတောမိပြန်လေသည်။

ချင်းတောင်မှ အာမိတ်နှင့် လွှဗောတို့ကို ယူလာခဲ့စဉ်က သင်းတို့နှစ်ကောင် ကြီးပြင်းလာသောအခါ နေရာချမည်ဟု ခင်သန်းမြင့်စိတ်ကူးထားခဲ့၏။ ယခုမူကား လွှဗောကလည်း ပါလရာနှင့် ရည်းစားဖြစ်၊ အာမိတ်ကလည်း ပါလရာနှင့် ရည်းစားဖြစ်။ သူတို့အချင်းချင်းကား တစ်ကောင်နှင့်တစ်ကောင် မောင်နှမကဲ့သို့ ငါးရာနှစ်ဆယ့်ရှစ်သွယ်သော အချစ်မျိုးဖြင့် ရိုးရိုးချစ်နေကြလေသည်။ ခင်သန်းမြင့် အဘယ်မှာ သဘောကျနိုင်ပါအံ့နည်း။ ခင်သန်းမြင့်၏ စိတ်ထဲတွင် သင်းတို့နှစ်ကောင်ကို ဆင်စီး၍ မြင်းရံတာကို မြင်ချင်၏။ သင်းတို့ကား ထင်တိုင်းမပေါက်ကြချေ။

အာမိတ်၊ လွှဗောတို့ကား ခေတ်သမားများဖြစ်ကြကုန်၏။ လူကြီးသဘောတူသည်ကို အလိုမရှိ။ မိမိတို့ချစ်သူနှင့်သာ အတူနေချင်ကြလေသည်။ ကမ္ဘာလောကကြီးအတွင်းတွင် ရှေးသမားနှင့် ခေတ်သမား သဘောမတူနိုင်ကြချေ။ ခေတ်သမားက ကောင်းသည်ထင်သောအရာကို ရှေးဟောင်းတို့က သဘောမကျနိုင်။ ရှေးဟောင်းတို့ သဘောကျသောအရာကို ခေတ်သမားတို့က နှာခေါင်းရှုံ့ကြကုန်၏။ ခေတ်သမားများ အရွယ်လွန်၍ ရှေးဟောင်းများဖြစ်လာလျှင် သူတို့ထက် ခေတ်ဆန်သူတို့က သူတို့၏ အထင်အမြင်ကို မနှစ်သက်နိုင်ဖြစ်ကြပြန်၏။ ဤနည်းအတိုင်းသာလျှင် ကမ္ဘာလောကကြီးအတွင်း ဆူဆူညံညံတကျက်ကျက်နှင့် ဖြစ်ခဲ့လေသတည်း။ ယခုလည်းဖြစ်ဆဲ၊ နောင်လည်းဖြစ်မည်ထင်။ ။

**၁၉၃၆ ခုနှစ်၊ ဒီဇင်ဘာ၊ ဂန္ထလောက။**

## သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
## ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
## ကရင်ပြည်နယ်
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကရင်ပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေဖြင့်ဆောင်ရွက်မည့် လမ်း/တံတား လုပ်ငန်းများတွင် လိုအပ်သည့်ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ(လုပ်ငန်းခွင်အရောက်)ဝယ်ယူခြင်းနှင့် ယာဉ်၊ စက်ယန္တရားငှားရမ်းခြင်း(လုပ်ငန်းခွင်အရောက်)အတွက် မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့် တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် | - | (၆-၅-၂၀၂၅)ရက်၊ (အင်္ဂါနေ့) |
| တင်ဒါလျှောက်လွှာ ပိတ်မည့်ရက် | - | (၁၉-၅-၂၀၂၅)ရက်၊ (တနင်္လာနေ့) |
| တင်ဒါတင်သွင်း ရမည့်နေရာ | - | ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး ကရင်ပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ စိန်ပန်းပြာလမ်း၊ အမှတ်(၅)ရပ်ကွက်၊ ဘားအံမြို့။ |

တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်/အချိန် - ထပ်မံကြေညာပါမည်။

၂။ တင်ဒါလျှောက်လွှာများနှင့် အသေးစိတ်အချက်အလက်များအား ဘားအံခရိုင်အတွင်း တင်ဒါလုပ်ငန်းများအတွက် ဘားအံခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတွင်လည်းကောင်း၊ ကော့ကရိတ်ခရိုင်အတွင်း တင်ဒါလုပ်ငန်းများအတွက် ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ကရင်ပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတွင်လည်းကောင်း ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

ဆက်သွယ်ရန်ဖုန်း - ၀၉-၇၇၉၅၀၈၂၆၇ (ဘားအံခရိုင်)
- ၀၉-၄၅၂၁၄၃၅၃၅ (ကော့ကရိတ်ခရိုင်)

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ ဇမ္ဗူရတနာ(၄)လမ်း၊ အမှတ်-၁၉၃၃ ဟုခေါ်တွင်သော နေအိမ်၂လုံးနှင့် ယင်းနေအိမ် ၂လုံး တည်ရှိရာ ၂၆ ပေ x ၆၅ ပေ အကျယ်အဝန်းရှိ မြေကွက်အပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်များအားလုံး တရားဝင် လက်ရှိလက်ရောက်ပိုင်ဆိုင်သူဖြစ်သော **ဦးနေဝင်း [၁၂/အစန(နိုင်)၀၉၄၇၉၃]**က ရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန် ကမ်းလှမ်းလာသောကြောင့် ကျွန်ုပ်၏မိတ်ဆွေ **ဒေါ်ဌေးဌေးခိုင် [၁၄/ပသန(နိုင်)၂၂၂၃၄၇]** က ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ် **ဒေါ်ထက်ထက်ခိုင် (တရားလွှတ်တော်ရှေ့နေ)**ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများနှင့် လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ အပြီးအပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ထက်ထက်ခိုင် (LL.B.,D.IP.L.,Advocate)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၁၁၇) (၂၇-၁-၂၀၂၁)**
**အမှတ်-၁၁/၁၁၀၊ ပထမထပ်၊ ပြည်လမ်း၊ ၈-မိုင်၊ ၄-ရပ်ကွက်၊**
**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**Ph-09-5161186, 09-250060731**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၅၊မြေကွက်အမှတ်-၂၁၃/က၊မြေကွက်တည်နေရာအမှတ်(၂၁၃/က)၊ပါရမီလမ်း၊(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ဒေါ်ခင်သောင်း(၁၂/ဥကတ(နိုင်)၀၉၈၂၀၉)အမည်ပေါက်နှစ်(၆၀)မြေငှားဂရန်အမည်ပေါက်-ဒေါ်ခင်သောင်းကိုယ်တိုင်မှဂရန်၊ နိုင်/ကတ်၊၀bj၊ဝန်ဆောင်ခတို့တင်ပြ၍မြေတိုင်းလျှောက်ထားလာပါသည်။ မြေစာရင်းမှတ်ချက်(၁)ရှိ၂၀၁၃ခုနှစ်တွင်ဌာနမှထုတ်ပေးထားသည့်မြေပုံ မြေရာဇဝင်မူရင်းကိုလက်ခံရယူခဲ့ပြီးဘဏ်ချေးငွေအတွက်မြေပုံကူးယူခဲ့သော်လည်းဘဏ်တွင်ချေးငွေအားလျှောက်ထားရယူခဲ့ခြင်းမရှိပါ။အဆိုပါဘဏ်ချေးစာရွက်မူရင်းသည်အလုပ်ကိစ္စဖြင့်သွားလာစဉ်ရန်ကုန်မြို့အတွင်းမူရင်းပျောက်ဆုံးသွားပါကြောင်းနှင့်ဘဏ်မှချေးငွေများချေးယူခဲ့ခြင်းမရှိသည်မှာမှန်ကန်ပါကြောင်းကျမ်းကျိန်လွှာအမှတ်(၁၀၂၈/၂၀၂၅/၂၀-၂-၂၀၂၅)ရက်စွဲပါကျမ်းကျိန်လွှာတို့တင်ပြ၍မြေတိုင်းလျှောက်ထားလာမှုအပေါ်တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ကိုယ်စား)(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## "အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် (၄၂)၊ မြေကွက်အမှတ်(၁၃၁၂)၊ ဧရိယာ (၄၅x၆၀)ပေ အကျယ်အဝန်းရှိ ဦးဇော်လင်းသူ [၁၂/ဒဂန(နိုင်)၀၀၃၈၈၂] ကိုင်ဆောင်သူ အမည်ပေါက် မြေကွက်နှင့် ယင်းမြေပေါ်ရှိ ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံနှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပြီး တရားဝင် လက်ရှိလွှဲပြောင်းရောင်းချ ပိုင်ဆိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးလူမော်ဝင်း [၆/ထဝန(နိုင်)၀၀၄၄၉၀] ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေး စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ကြောင်း နှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်အိအိစိုး (LL.B)** | **ဒေါ်နှင်းသီရိ (LL.B)** |
| **(စဉ်-၁၄၆၃၀)** | **(စဉ်-၁၉၀၂၃)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၁၀၂)၊ အကောက်ခွန်(၄)လမ်း၊ (၃၉)ရပ်ကွက်၊ ဒဂုံမြောက်ပိုင်းမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၉၇၈၇၅၉၉၂၇၊ ၀၉-၇၉၅၇၇၂၆၅၅**

## သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
## ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
## ကရင်ပြည်နယ်
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကရင်ပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ပြည်နယ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတား တည်ဆောက်ရေး လုပ်ငန်းများအား တင်ဒါစနစ်ဖြင့်ဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသား လုပ်ငန်းရှင်များအား တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက် | - | (၆-၅-၂၀၂၅)ရက်နေ့မှ (၁၉-၅-၂၀၂၅) ရက်နေ့ထိ (ရုံးချိန်အတွင်း) |
| တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်း ရမည့် နေ့ရက်/အချိန်/နေရာ | - | (၂၀-၅-၂၀၂၅)ရက်နေ့ (၁၀:၀၀)နာရီမှ(၁၆:၀၀)နာရီထိ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ကရင်ပြည်နယ်ကျေးလက်လမ်း ဖွံ့ဖြိုးရေး ဦးစီးဌာန၊ စိန်ပန်းပြာလမ်း၊ အမှတ်(၅) ရပ်ကွက်၊ ဘားအံမြို့။ |
| တင်ဒါဖွင့်ပွဲကျင်းပမည့် ရက်/အချိန် | - | ထပ်မံကြေညာပါမည်။ |

၂။ တင်ဒါလျှောက်လွှာများနှင့် အသေးစိတ်အချက်အလက်များအား ဘားအံခရိုင်အတွင်း တင်ဒါလုပ်ငန်းများအတွက် ဘားအံခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတွင်လည်းကောင်း၊ ကော့ကရိတ်ခရိုင်အတွင်း တင်ဒါလုပ်ငန်းများအတွက် ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ကရင်ပြည်နယ် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနတွင်လည်းကောင်း ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

ဆက်သွယ်ရန်ဖုန်း - ၀၉-၇၇၉၅၀၈၂၆၇ (ဘားအံခရိုင်)
- ၀၉-၄၅၂၁၄၃၅၃၅ (ကော့ကရိတ်ခရိုင်)

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (ခ) ရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ တိုက်အမှတ်(၁၂၄)၊ ၁ လွှာ(ဝဲဘက်ခြမ်း)၊ အကျယ်အဝန်း (၁၃ပေခွဲ X ၅၄ ပေ)အကျယ်ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့် ပတ်သက်သည့်အကျိုးခံစားခွင့် အားလုံးတို့ကို တရားဝင်လက်ဝယ်ထား ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးကျော်ဝင်း [၁၄/မမန(နိုင်)၁၇၅၈၉၁]ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန် စရန်ငွေတချို့ကို ပေးချေထားပြီး ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာစာ ထုတ်သည့်နေ့မှစ၍(၇) ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား (မူရင်း) များဖြင့်လာရောက် ကန့်ကွက်နိုင် ပါသည်။ ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ ဆက်လက် အရောင်းအဝယ် ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ကိုကိုလွင်**
**အထက်တန်းရှေ့နေ (စဉ်-၅၂၃၆၈)**
**အမှတ်(၁၈၇)၊ ပထမထပ်၊ ၃၈လမ်း(အလယ်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၉၆၉၂၃၅၆၆၆**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကချင်ပြည်နယ်၊ ဟိုပင်မြို့၊ မြဇေယျာရပ်ကွက်၊ အောင်သုခလမ်း၊ နယ်မြေ-၁ နေ ဦးစိုးမိုးနိုင်+ ဒေါ်ရွှေဆိုင်းတို့၏သားဖြစ်သူ မောင်နိုင်လင်းထွန်း [၁/ဟပန(နိုင်)၀၁၁၅၂၉] သည် မိဘတို့အား အကြိမ်ကြိမ် စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်အောင် ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝအား လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစိုးမိုးနိုင်+ဒေါ်ရွှေဆိုင်း**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁-ကံဘဲ့၊ မြေကွက်အမှတ်-၃၉/င-၂၊ဧရိယာ(၀.၀၅၇)ဧကမြေကွက် တည်နေရာအမှတ်(၄)၊ မဟာဗောဓိလမ်း၊ ၁၄/ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ဒေါ်ခင်စု[၁၂/ရကန(နိုင်)၀၄၈၉၄၄]အမည်ပေါက် နှစ်(၃၀)မြေငှားဂရန်မြေအား အမည်ပေါက်ဒေါ်ခင်စု(မိခင်)နှင့် ဦးထိန်ဝင်း(ဖခင်) တို့အသီးသီးကွယ်လွန်သဖြင့် ၎င်းတို့သမီးများ ဖြစ်ကြသောဒေါ်မိုးဖြူဝင်း [၁၂/ရကန(နိုင်)၀၄၈၉၄၂]၊ ဒေါ်ကေခိုင်ဝင်း[၁၂/ရကန(နိုင်)၀၄၈၉၄၃]၊ ဒေါ်ချို့နွယ်ဝင်း [၁၂/ရကန(နိုင်) ၀၅၉၄၃၅]၊ဒေါ်ဇင်မာဝင်း [၁၂/ရကန(နိုင်)၀၀၀၇၉၃] တို့မှကွယ်လွန်သူမိဘများတွင်သမီးအရင်းများဖြစ်ကြသော မိမိတို့ညီအစ်မ (၄)ဦးတည်းကိုသာ မွေးဖွားထွန်းကားခဲ့ပြီး မိမိတို့မှလွဲ၍ အခြားသောသားသမီးမွေးချင်းတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ အမွေစားအမွေခံ ကိတ္တိမသားသမီးများလည်း မွေးစားထားခဲ့ခြင်း လုံးဝမရှိပါကြောင်း၊ မိမိတို့ညီအစ်မ(၄)ဦးတည်းကသာလျှင် တရားဝင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်းနှင့် မိမိတို့မှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း (၁၁-၃-၂၀၂၅)ရက်စွဲပါ တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ မိခင်၊ ဖခင်တို့၏ သေဆုံးမှုလက်မှတ်၊ တိုင်းခွဲ အတည်ပြုမြေပုံ၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ နှစ်(၃၀)ဂရန်တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ် စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက် အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ၃၄၊ မြေကွက်အမှတ်- ၁၆၇၊ ဧရိယာ (၀.၀၅၇) ဧက၊ မြေအမျိုးအစား နှစ် (၆၀) ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အမှတ်-၁၆၇၊ အင်ကြင်းလမ်း၊ ၃၄-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့၏ မြို့မြေစာရင်းအမည်ပေါက်ပိုင်ရှင် ဒေါ်ဥမ္မာလွင် [၁၀/မလမ(နိုင်)၁၃၀၉၆၈] မှ မိမိတစ်ဦးတည်း တရားဝင်လက်ဝယ်ထားရှိပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေကဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသည့် ရောင်းဖိုးငွေအနက် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးအေးမင်းဇော်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၇၆၅)**
**အမှတ် (၅၀)၊ ပထမထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၈ )၊ မြေကွက်အမှတ် ( ၈၁၈ )၊ ဧရိယာ ( ၀.၀၅၆ ) ဧက၊ မြေအမျိုးအစား နှစ် (၆၀) ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အမှတ်-၈၁၈၊ သခင်ထွန်းအုပ်လမ်း၊ ၂၈ - ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့၏ မြို့မြေစာရင်းအမည်ပေါက်ပိုင်ရှင် ဒေါ်လှလှဝင်း [၁၂/လသန(နိုင်)၀၁၄၂၁၆] မှ မိမိတစ်ဦးတည်း တရားဝင်လက်ဝယ်ထားရှိပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေကဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသည့် ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ (၇) ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးအေးမင်းဇော်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၇၆၅)**
**အမှတ် (၅၀)၊ ပထမထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ စမ်း/တောင်ရပ်ကွက်၊ ဦးဖိုးလမ်း၊ အမှတ် (၂၇) ပေါ်တွင် ဆောက်လုပ်ထားသော (၂) ခန်းတွဲ ၊ (၆) ထပ်တိုက်၏ ပထမထပ် (၂-လွှာ)၊ (ခေါင်းရင်းခန်း) အကျယ်အဝန်း (၁၂ ½ x ၅၅) ပေရှိ RC တိုက်ခန်း (တစ်) ခန်းနှင့် ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်မော်တာ အပါအဝင် အကျိုးခံစားခွင့်များအားလုံးကိုဝယ်ယူရန် လက်ရှိတရားဝင်ပိုင်ရှင် ကွယ်လွန်သူ မြေရှင် ဒေါ်နီနီတင်၏ သား ဦးအောင်ကျော်ဌေး [၁၂/စခန(နိုင်) ၀၀၄၂၆၆] အား ကျွန်ုပ်တို့၏မိတ်ဆွေမှ တိုက်ခန်းရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေး ချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆိုကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်း (မူရင်း)များနှင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ် စာချုပ် ဆက်လက်ချုပ်ဆို၍ ဥပဒေနှင့်အညီ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်စိုးစိုးမြင့်** | **ဒေါ်အိဖြိုးဇင်** |
| **LL.B (စဉ်-၁၀၀၆၃)** | **LL.B, DBL (စဉ်-၁၅၉၇၅)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **ဖုန်း-၀၉ - ၄၂၁၀၃၅၉၆၃** | **ဖုန်း-၀၉ - ၇၉၀၁၂၃၄၈၀** |

**အမှတ် (၈၆)၊ ၇-လွှာ (စီ)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ၁၀/မြောက်၊ မြေကွက်အမှတ် - ၁၆၂/ခ၊ ဧရိယာ (၂၀ပေx၆၀ပေ)၊ မြေကွက်တည်နေရာ အမှတ်(၁၆၂/ခ)၊ ရတနာပုံ(၂)လမ်း၊ ၁၀/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးထွန်းလှိုင် [၁၂/သကတ(နိုင်) ၀၁၁၈၀၅] အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား အမည်ပေါက် ဦးထွန်းလှိုင်[၁၂/သကတ(နိုင်)၀၁၁၈၀၅] (ခင်ပွန်း)ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်ခင်လှအေး [၁၂/သကတ(နိုင်) ၀၁၂၀၀၇] မှ ကွယ်လွန်သူခင်ပွန်းတွင် မိမိတစ်ဦးတည်းသာလျှင် တရားဝင် ဇနီးအမွေဆက်ခံသူ အဖြစ်ကျန်ရစ်ခဲ့ပြီး တခြားဇနီးမရှိပါကြောင်း၊ အခြားမည်သူတစ်ဦးတစ်ယောက်မှပိုင်ဆိုင်ခွင့်မရှိပါကြောင်း၊ ကွယ်လွန်သူ ခင်ပွန်းဖြစ်သူ အမည်ပေါက်ပိုင်ဆိုင်လျက်ရှိသောအထက်ဖော်ပြပါ မြေကွက်နှင့် နေအိမ်တို့အား မိမိ(၁)ဦးတည်းသာလျှင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာဥပဒေတို့အရ တရားဝင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ မိမိမှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း ကျိန်ဆိုထားသည့် တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဦးထွန်းလှိုင်(ခင်ပွန်း)၏ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်းတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက် အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၄)ရပ်ကွက်၊ (၂၈)လမ်း (အလယ်ဘလောက်)၊ အမှတ်(၁၁၈) (မြေညီ) တိုက်ခန်း(၁)ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမျိုးနိုင်၏ ဖခင်ကြီး ဦးလှကျော်နှင့် မိခင်ကြီး ဒေါ်ဝင်းခင်တို့ပိုင်ဆိုင်သည့် တိုက်ခန်းဖြစ်ပြီး မိဘများနှင့် သားသမီး (၂)ဦးဖြစ်သည့် ဒေါ်တင်တင်အုန်းနှင့် ဦးမျိုးလှတို့ အသီးသီးကွယ်လွန်ပြီးနောက် အဆိုပါ အမွေဆိုင်တိုက်ခန်းမှာ ကျန်ရှိသောသားသမီး(၇)ဦးဖြစ်သည့် (၁)ဦးမျိုးနောင်၊ (၂) ဒေါ်တင်တင်စု၊ (၃) ဦးမျိုးထွန်း၊ (၄) ဒေါ်တင်တင်ဝင်း၊ (၅) ဦးမျိုးအောင်၊ (၆) ဦးမျိုးနိုင်၊ (၇) ဦးမျိုးကျော် တို့သာ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိပါသောကြောင့် အဆိုပါ အမွေဆိုင်တိုက်ခန်းအား အမွေဆိုင်တစ်ဦးဖြစ်သည့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမျိုးနိုင် သိရှိသဘောတူညီခြင်းမရှိဘဲ မည်သူမဆို ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ စွန့်လွှတ်ခြင်း၊ ပေါင်နှံခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း အစရှိသည်တို့မပြုလုပ်ကြရန် လုံးဝတားမြစ်အပ်ပါသည်။ အကယ်၍ လိုက်နာခြင်းမရှိဘဲ ပြုလုပ်ခဲ့ပါက ပြုလုပ်သူ/ပူးပေါင်းသူ မည်သူမဆို ၎င်းတို့၏ တာဝန်သာဖြစ်ပြီး ၎င်းတို့အား တရားမကြောင်း၊ ရာဇဝတ်ကြောင်းတို့အရ တရားစွဲဆိုအရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဝင်းပပဖြူ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၁၆၂)**
**အမှတ်(၁၃၁)၊ အင်းဝလမ်း၊ (၁၂၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်။**
**ဖုန်း - ၀၉-၄၂၁၀၄၅၃၂၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီခရိုင်၊ မှော်ဘီမြို့နယ်၊ ဘိုးဒေါနကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်(၅၁၂A)၊ ကွင်းအမည် (ရေသိုးချောင်းမြောက်ကွင်း)၊ ဦးပိုင်အမှတ် (၂/၁၂)၊ မြေအမျိုးအစား(R3)၊ မြေလုပ်ကိုင်သူအမည်ပေါက် ဦးတင့်လွင် အမည်ဖြင့် ဧရိယာအကျယ်အဝန်းအားဖြင့် (၆.၁၀)ဧကမှ တရားဝင်ခွဲစိတ်ခြင်း မပြုရသေးသော (၅.၂၂)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့်တကွကိုယ်ပိုင်လမ်းအသုံးပြုရန်အတွက် ဝယ်ယူထားသော အကျယ်အဝန်းအားဖြင့် အလျား(၁၅)ပေ၊ အနံ(၆၅၅)ပေ မြေကွက်များနှင့်တကွ ၎င်းမြေကွက်များပေါ်ရှိ ဆက်စပ်ပတ်သက်တွယ်ကပ်ပါရှိသော မြေပေါ်မြေအောက်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး မူလဝယ်ယူထားသူ ကွယ်လွန်သူ ဦးညီညီအေး၏ကိုယ်စား အမွေစားအမွေခံအဖြစ် ကျန်ရစ်ခဲ့သူ ၎င်း၏ဇနီးဖြစ်သူ ဒေါ်ထားထားဦး [၁၂/ဥကမ (နိုင်)၁၇၄၃၆၅] မှ ရောင်းချရန် ကမ်းလှမ်းလာပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဟန်ဂေါ်ခေါင်ဇယ်မှ ဝယ်ယူရန်အတွက် (၁-၅-၂၀၂၅)ရက်နေ့တွင် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်သည်။ ထို့ကြောင့် အရောင်းအဝယ်ပြုလုပ်သည့် မြေကွက်များနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမွေစား၊ အမွေခံအပါအဝင် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှ စတင်၍ (၇)ရက်အတွင်း တိကျခိုင်မာသော မူရင်းဆက်စပ်စာရွက်စာတမ်းများနှင့် တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက် ကျော်လွန်၍ သတ်မှတ်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သဲနုဝင်း (LL.B, D.B.L) အထက်တန်းရှေ့နေ (စဉ် ၄၅၅၇၇/၂၆-၁-၂၀၁၅)**
**အမှတ်(၆၀)၊ (ဘီ၂)၊ သီရိလမ်း၊ (၂)ရပ်ကွက်၊ လှိုင်မြို့နယ်။**
**ဖုန်း-၀၉-၄၀၁၁၅၄၆၀၀၊ ၀၉-၄၅၀၀၄၆၆၈၆**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်အသိပေးကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၅)၊ မြေကွက်အမှတ်(၅၀၉/ခ)၊ လောပိတလမ်းဟု ခေါ်တွင်သော ဧရိယာ(၀.၀၂၇၅)ဧကအကျယ်ရှိ မြေကွက်မှာ ဒေါ်ဥမ္မာခင် [၁၂/ဗဟန(နိုင်)၀၆၀၄၉၂]အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်ဖြစ်ပြီး ဂရန်အမည်ပေါက်မှ အပေါင်အနှံ၊ အရှုပ်အရှင်းကင်းစွာဖြင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ထုတ်ဖော်ကမ်းလှမ်း ပြောဆိုချက်အရ ကျွန်ုပ်မိတ်ဆွေမှ အပိုင်ဝယ်ယူရန်အတွက် စရန်ငွေများ ပေးချေထားပြီးဖြစ်ရာ အဆိုပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း မူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံလူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခင်ကြည်မွန် (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်–၁၀၀၅၂)**
**အမှတ်(၆၀)၊ စရည်းပင်လမ်း၊ (က)ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း–09-43114141, 09-400101414**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်အသိပေးကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ (ဆ/ခ)ရပ်ကွက်၊ ရွာလယ်လမ်း၊ အမှတ်(၈၆၆)ဟု ခေါ်တွင်သော (၄၀'x၆၀')အကျယ်ရှိ မြေကွက်နှင့် အိမ်အပါအဝင် အကျိုးခံစားခွင့်အား ဦးသိန်းကြည်မှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသောမြေကွက်ဖြစ်ပြီး ဖခင်ကြီး ဦးသိန်းကြည်နှင့် မိခင်ကြီး ဒေါ်ခင်မာကြီးတို့ ကွယ်လွန်သွားပြီးဖြစ်သဖြင့် ၎င်းတို့၏အမွေဆက်ခံခွင့်ရှိသူ ဦးထွန်းထွန်း [၁၂/သဃက(နိုင်) ၀၆၇၇၅၈]မှ အပေါင်အနှံ၊ အရှုပ်အရှင်းကင်းစွာဖြင့် မိမိမှလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ထုတ်ဖော်ကမ်းလှမ်းပြောဆိုချက်အရ ကျွန်ုပ်၏မိတ်ဆွေများမှ အပိုင်ဝယ်ယူရန်အတွက် စရန်ငွေများပေးချေထားပြီးဖြစ်ရာ အဆိုပါ မြေနှင့်အိမ်အရောင်းအဝယ်နှင့် ပတ်သက်၍ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း မူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံလူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခင်ကြည်မွန် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၀၀၅၂)**
**ဖုန်း–09-43114141, 09-400101414**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၄၉၊ မြေကွက်အမှတ်–၄၉၇၊ မြေကွက်တည်နေရာအမှတ်–၄၉၇၊ ပိတောက်(၁)လမ်း၊ (၄၉)ရပ်ကွက်၊ ဒဂုံမြောက်၊ (ဦးဟံစိန်–HGU–၁၃၀၅၇၉)အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်ဂရန်မြေအား ဂရန်အမည်ပေါက် ဦးဟံစိန်(ခင်ပွန်း) ကွယ်လွန်သဖြင့် ၎င်း၏ တရားဝင်ဇနီးတော်စပ်သူ ဒေါ်စန်းရီ [၁၂/လကန(နိုင်)၀၅၇၀၈၃]မှ တရားဝင်ဇနီးတော်စပ်ကြောင်း၊ မိမိမှလွဲ၍ အခြားဇနီး/မယားတစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ ခင်ပွန်းကွယ်လွန်ပြီးနောက် အထက်ပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ကျန်ရစ်သူ မိမိသာလျှင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာဥပဒေအရ တရားဝင်အကျိုးခံစားခွင့်ရှိကြောင်းနှင့် အခြား အမွေဆက်ခံမည့်သူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း ကျမ်းကျိန်လွှာ၊ ထပ်ဆင့်ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဂရန်ပျောက်ဆုံးသွားသဖြင့် ဂရန်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ပျောက်ဆုံးသည်မှာ မှန်ကန်ကြောင်း ရဲစခန်းထောက်ခံချက်၊ ရပ်ကွက်ထောက်ခံချက်၊ ခင်ပွန်း သေစာရင်း၊ အိမ်ထောင်စု စာရင်း၊ နိုင်ကတ်တို့တင်ပြ၍ မြေပုံကူးလျှောက်ထားလာရာ မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေပြင်တွင် တစ်ထပ်ပျဉ်ကာ နှစ်လုံးရှိပြီး လျှောက်ထားသူကိုယ်တိုင်နှင့် သမီးဖြစ်သူတို့ နေထိုင်ကာကွင်းဆင်းဖောင်တွင် ကွင်းဆင်းသိရှိကြောင်း လက်မှတ်ရေးထိုးပေးပါသဖြင့် ဒေါ်စန်းရီမှ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးကိုဓဥပဒေအမိန့်– ၅၊ နည်းဥပဒေ–၂၀)
## ကမာရွတ်ခရိုင်တရားရုံးတော်၌
## ၂၀၂၄ခုနှစ် တရားမကြီးမှုအမှတ်– ၁၁၆

| | | |
|---|---|---|
| ကမ္ဘောဇဘဏ်လီမိတက် (၎င်းဘဏ်၏ ကိုယ်စား–ကမာရွတ်–ခိုင်ရွှေဝါလမ်းဘဏ်ခွဲ မန်နေဂျာ ဦးအောင်မျိုးထက်) | နှင့် | ၁။ ဦးကြည်ဝင်း<br>၂။ ဒေါ်အေးနီနီခိုင် |
| (တရားလို) | | (တရားပြိုင်များ) |

**ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ (၁) ရပ်ကွက် ၊ (၄) လမ်း၊ အမှတ်–၄၉ (ပထမထပ်) နေ ဦးကြည်ဝင်းနှင့် ဒေါ်အေးနီနီခိုင် (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။**

**သင်တို့အပေါ်၌ တရားလို** ကမ္ဘောဇဘဏ်လီမိတက် (၎င်းဘဏ်၏ကိုယ်စား – ကမာရွတ်–ခိုင်ရွှေဝါလမ်းဘဏ်ခွဲ မန်နေဂျာ ဦးအောင်မျိုးထက်)က **"ကြွေးမြီကျန်ငွေကျပ်–၅၄၂၅၆၃၇၁၀.၆၁/(ငါးထောင့်လေးရာနှစ်ဆယ့်ငါးသိန်းခြောက်သောင်းသုံးထောင်ခုနစ်ရာ တစ်ဆယ်နှင့် ခြောက်ဆယ်တစ်ပြားကျပ်တိတိ) အပေါ် အပေါင်ဒီကရီရလိုမှု"လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍** သင်တို့ကိုယ်တိုင်ဖြစ်စေ၊ **သို့တည်းမဟုတ်** ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့၏ ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၅ခုနှစ်၊ မေလ ၂၃ရက် (၁၃၈၇ခုနှစ်၊ ကဆုန်လဆုတ် ၁၂ ရက် ) မွန်းမတည့်မီ ၁၀:၀၀နာရီ အချိန်တွင် ဤရုံးတော်ရှေ့လာရောက်ရမည်။ ၎င်းပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာမရောက်ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူယူဆောင်လာရမည်။ သို့တည်း မဟုတ်သင်တို့၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်ကတင်သွင်းရမည်။

၂၀၂၅ခုနှစ် မေလ ၂ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ထွေးထွေးထက်)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ကမာရွတ်ခရိုင်တရားရုံး**

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန၏ ၂၀၂၅–၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် မြို့တော်သာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်း ဆောင်ရွက်ရန်အတွက် မြေယာရှုခင်းကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်–

– မြေယာရှုခင်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း(၉)ခု၊ MICC 1 နှင့် MICC 2 မြေယာရှုခင်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း

| | |
|---|---|
| တင်ဒါပုံစံ ထုတ်ပေးမည့်ရက် | – ၃–၅ – ၂၀၂၅ |
| တင်ဒါပိတ်မည့်ရက် | – ၁၆–၅ –၂၀၂၅၊ ၁၆:၀၀ နာရီ |
| တင်ဒါပေးသွင်းရမည့်နေရာ | – ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ |

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် မေးမြန်းစုံစမ်း ထုတ်ယူနိုင်ပါသည်–

ပန်းဥယျာဉ်နှင့်အားကစားကွင်းများဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ
ဖုန်း ၀၆၇–၃၄၃၂၄၉၁

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်အား ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာချက်

(၁၇–၃–၂၀၂၅)ရက်စွဲပါ ကြေးမုံသတင်းစာ စာမျက်နှာ(၂၈)ပါ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဃ)ရပ်ကွက်၊ ဝေပုလ္လ (၆) လမ်း၊ မြေကွက်အမှတ် (၂၆၆/က၊၂၆၇/ခ)၊ နှစ်(၆၀)ဂရန်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ(၆)ထပ်တိုက်၏ အကျယ်အဝန်း (၁၈ပေx၅၄ပေ)ရှိ ဘယ်ခြမ်း(၅)လွှာတိုက်ခန်း(၁)ခန်းနှင့်ပတ်သက်၍ ဒေါ်ခင်မာချို (တရားလွှတ်တော်ရှေ့နေ၊ စဉ်–၁၇၇၇၀)၏ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်အား ရောင်းသူ၊ ဝယ်သူ နှစ်ဦးသဘောတူညီချက်အရ အရောင်းအဝယ်ဖျက်သိမ်းပြီးဖြစ်ပါသဖြင့် အထက်ဖော်ပြပါရက်စွဲပါ သတင်းစာကြေညာအား ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခင်မာချို တရားလွှတ်တော်ရှေ့နေ(စဉ်–၁၇၇၇၀)**
**၀၉–၉၇၄၀၀၀၈၃၉**

## ကန့်ကွက်နိုင်ပါကြောင်းနှင့်အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ စိတ္တာသုခလမ်း၊ အမှတ် (၈)ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၃)ထပ်ခွဲတိုက်၏ မြေညီထပ် (ခေါင်းရင်းခန်း)၊ အကျယ်အဝန်း (၁၄ x ၆၀)ပေရှိသော တိုက်ခန်းအပါအဝင် ၎င်းတိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အားလုံးကို လက်ရှိစာချုပ် အဆက်ဆက်ဖြင့် တရားဝင်ပိုင်ဆိုင်ထားသော ဒေါ်မာမာဝေ [၁၂/လမန (နိုင် ၁၂၅၁၇၀] ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးကျော်ထက် [၁၂/မရက(နိုင်)၁၂၇၈၂၁] နှင့် ဒေါ်မိုးထက်နှင်း [၁၄/ပစလ(နိုင်)၀၀၂၆၈၈] တို့မှ အပြီးအပိုင်ဝယ်ယူရန်အတွက် ငွေတချို့တစ်ဝက်ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၀)ရက်အတွင်း ကျွန်ုပ်ထံသို့ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်လိုသူများမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဦးကျော်ထက် နှင့် ဒေါ်မိုးထက်နှင်း တို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မြမဥ္စု (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် –၁၅၇၃၈)**
**အမှတ် (၉/၁၁)၊ အခန်း (၂၀၄) ၊ (၃၆)လမ်းအောက်၊**
**ကျောက်တံတားမြို့နယ်။ ၀၉–၄၀၁၆၀၁၇၉၇၊ ၀၉–၇၉၅၅၅၉၅၈၄**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ဒဂုံမြို့သစ်ခရိုင်တရားရုံး
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်–၆၀

| | | |
|---|---|---|
| ဦးအေးသန်း | နှင့် | ဒေါ်သီတာနွယ် |
| **(တရားလို)** | | **(တရားပြိုင်)** |

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၉)ရပ်ကွက်၊ အင်းစိန်လမ်းမ၊ တိုက်(၂) အခန်း(၇–ဘီ)တွင်နေထိုင်သူ တရားပြိုင် ဒေါ်သီတာနွယ်(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

